၃။ ထိုရဟန်းတို့က ဘေးရန်လည်း မရှိ၊ နှစ်ကောင်းကပ်, လေးကောင်းကပ်လှည်းလှည့်ပတ်လောက်ရာ ဥပစာလည်းရှိသော ကျောင်းနေရာကို ညွှန်ပြရခြင်း။ (တေဟိ ဘိက္ခူဟိ ဝတ္ထု ဒေသေတဗ္ဗံ)

၄။ (က) စိဝရပဋိဂ္ဂဟဏသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်အာပတ်မသင့်

(ခ) သုတ္တဝိဘင်္ဂသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်အာပတ်၊

(ဂ) ဒန္တပေါဏသိက္ခာပုဒ်အရ ပါစိတ်အာပတ်မသင့်၊

(ဃ) (သပ္ပါဏကဝဂ်) သပ္ပါဏကသိက္ခာပုဒ်အရ ပါစိတ်အာပတ်၊

(c) ဥပါဟနသိက္ခာပုဒ်အရ ဒုက္ကဋ်အာပတ်မသင့်။

၅။ အတိရုဒ္ဒကသိမ်– (စစ်ကိုင်း ၅–တွင်ရှိ)

ခဏ္ဍနိမိတ္တသိမ်–

၁။ ရှေးဦးစွာ အရှေ့အရပ်၌ နိမိတ်ကြား၍ အစဉ်အတိုင်း တောင်, အနောက်, မြောက် အရပ်တို့၌ နိမိတ်ကြားပြီးလျှင် တစ်ဖန် အရှေ့ အရပ်၌ ကြားအပ်ပြီးသော နိမိတ်ကို နောက်ထပ်မကြားဘဲ သမုတ်အပ်သောသိမ်သည်လည်းကောင်း။

http://www.dhammadownload.com

၂။ နိမိတ်မလောက်သော အခွံလျှင်အနှစ်ရှိသည့် အုန်းပင်စသော သစ်ပင်ကို ဖြစ်စေ, သစ်ငုတ်ကိုဖြစ်စေ, မြေပုံ သဲပုံတို့တွင် တစ်ခုခုကိုဖြစ်စေ, အကြားခ်ိန်နိမိတ်ပြု၍ သမုတ်အပ်သောသိမ်သည်လည်းကောင်း ခဏ္ဍနိမိတ္တသိမ်.. နိမိတ်ကျိုးသောသိမ် ဖြစ်သည်။

နိမိတ်ထားသင့်ရာ တော–အတွင်းခ်ိ အနှစ်ရှိသော သစ်ပင်၊ ၎င်းသစ်ပင်တို့နှင့် ရောသော သစ်ပင်တို့ဖြင့် ၄–ပင်, ၅–ပင်မျှသာရှိသော တောသည် နိမိတ်ထားသင့်ရာ တောဖြစ်သည်။

၆။ နိဒါန်းဖြစ်ထိုက်သော အေသ–

၁။ဝေသာလိပြည် ၂။ ရာဇဂြိုဟ်ပြည် ၃။ သာဝတ္ထိပြည် ၄။ အာဠဝိပြည်,
၅။ ကောသမ္ဗီပြည် ၆။ သက္ကတိုင်း ၇။ ဘဂ္ဂတိုင်း။

အောင်– ဝေသာ, ရာဇဂြိ၊ သာဝတ္ထိ၊ အာဠဝိ, ကောသမ္ဗီ။ သက္က, ဘဂ္ဂ၏ ၇–ရပ်၊ ဝတ္ထုတ်ဌာနမည်။

အဂ်ီရပ်များ–

၁။ လူဇာတ်ရှိသူ ဖြစ်ခြင်း၊ ၂။ သတ္တဝါဟုအမှတ်ရှိခြင်း၊ ၃။ သတ်လိုသောစိတ်ရှိခြင်း
၄။ လုံ့လပြုခြင်း၊ ၅။ သေခြင်း။

၁၄။ ပထမပြန်စာဓမ္မပဲ့ကျင်းပဓရေး ဗဟို့အမ့ဲ့ခ့ဲ (ရှမ်းပြည်နယ်/ဇောခ်ပိုင်း)
ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ
၁၃၆၉–ခုနှစ်၊ တဓေါင်းလပြည့်ဓကျော် (၁၂) ရက်၊ (၂– ၄– ၂၀၀၈) ဗုဒ္ဓဟူးဓနေ့

၁။ ''ရဟန်းတော်များသည် ခြောက်နှစ်မပြည့်သေးဘဲ အခင်းသစ်ထပ်မံ မပြုလုပ်ရ''ဟု ပညတ်ထားသော (ဆဗ္ဗသ) သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးပါ။

၂။ ပါတိမောက်ရွတ်ဆိုသံကို ကြားရသောအခါ ''ဤငယ်သော အလွန်ငယ်သော သိက္ခာပုဒ်ကို ရွတ်ဆိုနေလို့ ဘာလုပ်မလဲ''ဟု သိက္ခာပုဒ်တော်ကို ကဲ့ရဲ့သောရဟန်းအား အာပတ်သင့်စေနိုင်သော သိက္ခာပုဒ်ကို အနက်မှန်ကန်စွာ ပေးပြပါ။

http://www.dhamma-download.com

၃။ နဟာနသိက္ခာပုဒ်အရ မရှိမဖြစ်သော ရေချိုးသင့်ရာ အခါများကို ပါဠိ+မြန်မာ နှစ်ဘာသာတွဲ၍ ဖြေဆိုပြီးလျှင်၊ ကပ္ပဗိန္ဒု ထိုးရမည် အရောင်အဆင်း သုံးမျိုးတို့ကိုလည်း ကျမ်းရင်းလာအတိုင်း ညွှန်ပြပါ။

၄။ သုဒ္ဓပါစိတ်လာ မာတုဂါမနှင့် ပတ်သက်၍ ပညတ်ထားသော သိက္ခာပုဒ်၏အမည်များကို ထုတ်ပြ၍၊ ရဟန်းတစ်ပါး ကုတင်, ကုလားထိုင်ပြုလုပ်ရာတွင် ပြုလုပ်ရမည့် ကုတင်, ကုလားထိုင်၏ အရေပမာဏကိုလည်း ပကတိပုရိသ အတိုင်းအတာဖြင့် သိသာရုံမျှ ညွှန်ပြပါ။

၅။ အလဇ္ဇီပုဂ္ဂိုလ်၏ လက္ခဏာများကို ရေးသားပြ၍၊ တတိယပါရာဇိကာ၏ ဒိဋ္ဌိန်း, ပုဂ္ဂိုလ်, ဝတ္ထု, အနုပညတ်တို့ကိုလည်း ဖော်ပြပါ။

၆။ အောက်ဖော်ပြပါ ရဟန်းတို့အား သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်အမည် တပ်၍ ဆုံးဖြတ်ပြပါ။

(က) ကိုယ်ဝန်ကျစေတတ်သောဆေးကို အမျိုးသမီးအား ပေးသောရဟန်း၊

(ခ) ကွဲကွာနေသော မိဘနှစ်ပါးကို ပြန်ပေါင်းမိအောင် ကြားဝင်စေ့စပ်ပေးသောရဟန်း၊

(ဂ) ကိုယ်တိုင်ချည်တောင်း၍ သက်နီးယက်ခိုင်းသောရဟန်း၊

(ဃ) ပိုးကောင်ရှိသောရေဟု သိလျှက် သောက်သုံးသောရဟန်း၊

(င) စိမ်းစိုသော မြက်သစ်ပင်ရှိရာအရပ်၌ တံတွေး ထွေးသောရဟန်း။

၁၄။ ရှမ်းပြည်နယ်/တောင်ပိုင်း (အစပြု)
ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ ပါဠိထင်ရှားပြီ။

၂။ ဝိလေခနသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ ရေချိုးသင့်ရာအခါ– (ပဲခူးအနောက် ၃–တွင်ရှ)
အရောင်အဆင်း ၃–မျိုး– စိမ်းညိုရောင်၊ ရွှံ့ညွန်ရောင်၊ မဲညိုရောင်။

http://www.dhammadownload.com

၇။ ဒုတိယသဟသေယျ, ဓမ္မဒေသနာ, (အစေလကဝဂ်) ရဟောပဋ္ဌာန်, ရဟောနိသဇ္ဇ, (သပ္ပါဏာကဝဂ်) သံဝိဓာနသိက္ခာပုဒ်တို့ဖြစ်သည်။
အခြေပမာဏ– ပကတိပုရိသအတိုင်းအတာဖြင့် ၁–တောင့်ထွာဖြစ်သည်။

၈။ အလဇ္ဇီပုဂ္ဂိုလ်လက္ခဏာ– (ကချင် ၄–တွင်၌)
နိဒါန်း– ဝေသာလီပြည်၊
ပုဂ္ဂိုလ်– များစွာသောရဟန်းတို့၊
ဝတ္ထု– အချင်းချင်းဇီဝိတိန္ဒြေမှ ခွင်းခြင်း (သတ်ခြင်း)၊
အနုပညတ်– မရဏာဝဏ္ဏံ ဝါ သံဝဏ္ဏေယျ။

၆။ (က) မနုဿဝိဂ္ဂဟသိက္ခာပုဒ်ဖြင့် ပါရာဇိကအာပတ်၊
(ခ) သဉ္စရိတ္တသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊
(ဂ) သုတ္တဝိညတ္တိသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်အာပတ်၊
(ဃ) (သပ္ပါဏာကဝဂ်) သပ္ပါဏကသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်၊
(c) ဟရိတေဝဏ္ဏရသိက္ခာပုဒ်ဖြင့် ဒုက္ကဋအာပတ်။

၁၅။ ပထမပြန်စာစမေးပွဲကျင်းပရေး ဗဟိုစာမေးပွဲခွဲ (ရှမ်းပြည်နယ်/စမြောက်ပိုင်း)
ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ
၁၃၆၉–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်၊ (၂– ၄– ၂၀၀၈) ဗုဒ္ဓဟူးနေ့

၁။ ဖိမိသုံးစွဲနေကျ သပိတ်၌ ထိုးပေါက် မပေါက်သေးဘဲ သပိတ်သစ်တောင်းသော ရဟန်းအား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။

၂။ ရဟန်းတစ်ပါးကို ဖိမိကိုယ်တိုင် သက်နှံးပေးပြီး တစ်ဖန်လုယူသောရဟန်းအား သင့်ရောက်နိုင်သော အပြစ်ပြသိက္ခာပုဒ်ကို လိုက်သင့်သောပုဒ်များ လိုက်စေလျက် မှန်ကန်စွာ အနက်ပေးပြပါ။

http://www.dhammadownload.com

၃။ ဒုဋ္ဌဒေါသသိက္ခာပုဒ်နှင့် ဒုတိယဒုဋ္ဌဒေါသသိက္ခာပုဒ်တို့၏ တူညီသောအချက်များ, မတူညီသော အချက်များကို ခွဲခြားဖြေဆိုပါ။

၄။ ပထမအနိယတသိက္ခာပုဒ်နှင့် ဒုတိယအနိယတသိက္ခာပုဒ်တို့၏ တူညီသောအချက်များ, မတူညီသော အချက်များကို ခွဲခြားဖြေဆိုပါ။

၅။ ''ယာဝတိကာ စ ဘိက္ခု ကမ္မပ္ပတ္တာ''၌ အဘယ်ကဲ့သို့သော ရဟန်းမျိုးကို ကမ္မပ္ပတ္တ ရဟန်းဟု ခေါ်ဆိုပါသနည်း ကခ်ီလာအတိုင်း ဖြေဆိုပြီးလျှင် ပါရိသုद्ध်ပေးသင့်သောပုဂ္ဂိုလ်ကိုလည်း တိကျစွာ ညွှန်ပြပါ။

၆။ ''ပါရာဇိကော ဟောတိ အသံဝါသော''၌ သံဝါသ၏ အဓိပ္ပါယ်ကို ရေးသားပြီးလျှင် ၎င်းသံဝါသ အမျိုးအစားများကိုလည်း ကခ်ီဆရာအလိုကျ ရေးသားပြပါ။

၁၅။ ရှမ်းပြည်နယ်/ဧရာကမ်ပိုင်း (အဖြေ)
ပထမဝယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ ဥိနပဉ္စဗန္ဓနသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ စီဝရအစ္ဆိန္နသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ **တူညီသောအချက်များ-** သာသနာတော်မှ ရွှေ့လျောစေလိုခြင်း။
မတူညီသောအချက်များ- ဒုဋ္ဌဒေါသသိက္ခာပုဒ်၌ အမူလကပါရာဇိကအာပတ်ဖြင့် စွပ်စွဲခြင်း။ အဓိကရဏအရ အာပတ္တာဓိကရဏ်းကို ယူရခြင်း။ ဒုတိယဒုဋ္ဌဒေါသသိက္ခာပုဒ်၌ အညဘာဂိယဖြစ်သော နာမည်တည်ရာ၏ ညွှန်ပြအပ်သည့် တစ်စုံတစ်ခုသော အမြွှက်မှုကို ယူ၍ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲခြင်း။ အဓိကရဏအရ အမည်သည်၏ တည်ရာကို ယူရခြင်း။

၄။ **တူညီသောအချက်များ-** မာတုဂါမနှင့် တစ်ယောက်ချင်း ကွယ်ရာ၌ နေထိုင်ခြင်း။ မည်သည့် အာပတ်ဟု အမြဲ မသတ်မှတ်အပ်ခြင်း။

http://www.dhammadownload.com

မတူညီသောအချက်များ–ပ အနိယတသိက္ခာပုဒ်၌ မျက်စိကွယ်ရာပြစ်ခြင်း၊ ပါရာဇိက, သံဃာဒိသေသ, ပါစိတ်အာပတ် ၃–မျိုး ယူရခြင်း။
ဒုတိယအနိယတသိက္ခာပုဒ်၌ နားကွယ်ရာပြစ်ခြင်း၊ သံဃာဒိသေသ, ပါစိတ်အာပတ် ၂–မျိုး ယူရခြင်း။

၅။ ကမ္မပတ္တရတန်း– (ပဲခူးအနောက် ၅–တွင်ရှိ)
ဗါရိသုဒ္ဓိပေးသင့်သောပုဂ္ဂိုလ်– (ကယား ၅–တွင်ရှိ)

၆။ သံဝါသ– ပကတတ်ရဟန်းဟူသမျှတို့ တကွနေကြရာ (တကွကျင့်ကြရာ) ဖြစ်သော ကြောင့် သံဝါသ–ဟုခေါ်သည်။
ထင်းသံဝါသသည် ဇကကမ္မ, ဇကုဒ္ဒေသ, သမသိက္ခာတဟု ၃–ပါးအပြားရှိ၏။

၁၆။ ပထမပြန်စာဓမ္မဝဲကျင်းပရေး ဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/ အရှေ့ပိုင်း) ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁၃၆၉–ခုနှစ်၊ တဓေါင်းလပြည့်ကျော် (၁၂) ရက်၊ (၂– ၄– ၂၀၀၈) ဗုဒ္ဓဟူးနေ့

၁။ ရှေးဘုန်းရှေးကံ မရှိကြသဖြင့် မေးဘုန်းမေးကံ ဖြစ်လာကြစေရန် ထင်ရှားရှိမှန် ရဟန်းထံ ဝယ် မပန်ကြားဘဲ ဖြို့ရွာအတွင်း၌ ကုလစာရိတ္တအမှု ပြုကြသော ရဟန်းတို့အား သင့် ရောက်သည့် အပြစ်ပြသိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးသားပြပါ။

၂။ ငါးဖွဲ့မပြည့်သေးဘဲ သပိတ်သစ်တောင်းရာ၌ ရဟန်းတော်များ လိုက်နာရမည့် ဝိနည်း သိက္ခာပုဒ်တော်ကို နိဿဂ္ဂိယကျကျ အနက်ယောဇနာခဲ့ပါ။

၃။ ရဟန်းတော်များ ရဟန်းမကျောင်းသို့ သွား၍ ဆုံးမနိုင်ရာအခါကာလ, ရဟန်းမနှင့် တိုင်ပင်၍ ခရီးသွားနိုင်ရာအခါကာလတို့ကို ကျမ်းရင်းလာသည့်အတိုင်း မြန်မာဘာသာဖြင့် ဖြေဆိုပါ။

၄။ အောက်ဖော်ပြပါ ရဟန်းတော်တို့အား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်များ သင့်ပါ သနည်း မှန်ကန်စွာ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

(က) ဗျာနိမရဘဲ ဗျာနိရသည်ဟု ပြောသောရဟန်း၊
(ခ) ညီညွတ်နေသော သံဃာကို ကွဲပြားအောင် အားထုတ်သောရဟန်း၊
(ဂ) ရဟန်းတစ်ပါးကို သက်နိုးပေးပြီး စိတ်ဆိုး၍ သက်နိုးပြန်လုယူသောရဟန်း၊
(ဃ) ရဟန်းတစ်ပါးကို ဆဲရေးသောရဟန်း၊
(င) ဝိနယမေ့ကို မရိုသေသောရဟန်း။

၅။ 'သုဏာတု မေ ဘန္တေ သံဃော'၌ သံဃာအပြားနှင့် ဤနေရာ၌ ယူရမည့် သံဃာကို ဖော်ပြပြီးလျှင်၊ စတုဝဂ္ဂသံဃာ, ပဉ္စဝဂ္ဂသံဃာသည် ပြုနိုင်သောကံတို့ကိုလည်း ကခ်ီနှင့် အညီ ဖြေဆိုခဲ့ပါ။

၆။ ရဟန်းမခံကောင်းသော ပုဂ္ဂိုလ်တို့တွင် 'တိရစ္ဆာန်'အရကို တိကျစွာ ကောက်ပြ၍၊ နုတိယ ပါရာဇိကသိက္ခာပုဒ်တွင် ထေယျသင်္ခါတံ၌ 'ထေန'နှင့် 'ထေယျ'အရတို့ကိုလည်း ကခ်ီနှင့်အညီ ကောက်ပြခဲ့ပါ။

၁၆။ ရှမ်းပြည်နယ်/ အရှေ့ပိုင်း (အဖြေ)
ပထမဝယ်တန်း ။ ။ ဘိက္ခုပါတိမောက္ခာသာ

၁။ စာရိတ္တသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ ဥနပဉ္စဝဿနသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ **ဆုံးမနိုင်ရာအခါ**– ဘိက္ခုနီ မကျန်းမာရာအခါ၊
ခရီးသွားနိုင်ရာအခါ– လမ်းခရီးက ကုန်သည်အပေါ်နှင့်တကွ သွားထိုက်ရာ, ယုံမှာ ဖွယ်ရှိ၏ဟု သမုတ်အပ်ရာ, ဘေးရန်နှင့်တကွဖြစ်ရာအခါ။

၄။ (က) ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ်ဖြင့် ပါရာဇိကအာပတ်၊
(ခ) သံဃဘေဒသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊

http://www.dhammadownload.com

(ဂ) စိဝရအစ္ဆိ ဇုန္ဒသိက္ခာပုဒ်ပြင့် နိဿဂ္ဂိပါစိတ်အာပတ်၊
(ဃ) ဩမသဝါဒသိက္ခာပုဒ်ပြင့် ပါစိတ်အာပတ်၊
(င) အနာဒရိယသိက္ခာပုဒ်ပြင့် ပါစိတ်အာပတ်။

၅။ သံဃာအပြားနှင့် ယူရမည့်သံဃာ–

အကွဲကောယျသံဃာ, သမ္ဘတိသံဃာဟု ၂–ပါးအပြားရှိ၏။ ဤ၌ သမ္ဘတိသံဃာကိုယူရမည်။

စတုဝဂ္ဂသံဃာ– ဥပသမ္ပဒါကံ, ပဝါရဏာကံ, အဗ္ဘာနကံတို့မှတပါး အခြားကံအားလုံးကို ပြုနိုင်သည်။

ပဉ္စဝဂ္ဂသံဃာ– မဇ္ဈိမဇနပုဒ်တို့၌ ပြုအပ်သော ဥပသမ္ပဒါကံ, အဗ္ဘာနကံတို့မှတပါး အခြားကံအားလုံးကို ပြုနိုင်သည်။

၆။ တိရစ္ဆာန်အရ– (ပဲခူးအရှေ့ ၆–တွင်ရှု)

ထေနအရ– ခိုးသူကို ယူရမည်။

ထေယျအရ– ခိုးသူ၏ပြစ်ကြောင်းပြစ်ရာစိတ် (ခိုးယူလိုသောစိတ်) ကို ယူရမည်။

၁၇။ ပထမပြန်စာဓမးပွဲ ကျင်းပဓရေးဗဟိုအပ္ပဲခွဲ (ဓရာဝတီတိုင်း) ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁၃၆၉–ခုနှစ်၊ တာဝေါင်းလပြည့်ကျော် (၃)ရက်၊ (၂၄–၃–၂၀၀၈) တနလာဓနေ.

၁။ ဘိက္ခုပါတိမောက် အစေလကဝဂ်လာ စစ်တပ်နှင့်စပ်လျဉ်း၍ ရဟန်းတော်များ ရှောင်ကြဉ်လိုက်နာဖွယ်ရာ ပညတ်တော်မူခဲ့သော သိက္ခာပုဒ်ပါဠိတော်ကို ပြည့်စုံအောင် ရေးပါ။

၂။ သက်နိုးသစ်ရရှိသောရဟန်းအား လိုက်နာဆောင်ရွက်ဖွယ်ကို ပြဆိုသည့် သိက္ခာပုဒ်ပါဠိတော်ကို အနက်ရေးပါ။

၃။ ပတ္တာကလ္လအဂ်ါလေးပါးနှင့် ဒုဗ္ဗစရဟန်းအား ရဟန်းကောင်းတို့က ပြောဆိုသောစကားရပ်တို့ကို မြန်မာဘာသာဖြင့် ပြေဆိုခဲ့ပါ။

http://www.dhammadownload.com

၇။ ဂဏဒေဘာဇဉ်ကို စားကောင်းရာ အခါတို့ကို မြန်မာဘာသာဖြင့် ပြည့်စုံစွာ ဖော်ပြပြီးလျှင် ရဟန်းတော်များ အကပ်မခံဘဲ သုံးဆောင်ကောင်းသော ပစ္စည်းဝတ္ထုတို့ကိုလည်း ဖော်ထုတ်ပြပါ။

၈။ သဘာဝပတ္တိယောစ နှ ဝိဇ္ဇာ-၌ သဘာဝအာပတ်မည်ပုံကို ဖြေဆိုရ၍ မည်သို့သောအခါ ရုပ်များနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို အလဇ္ဇီပုဂ္ဂိုလ်ဟု ခေါ်ပါသနည်း? ဖြေဆိုခဲ့ပါ။

၆။ လိင်ထေနက, သံဝါသထ္ထေနက, ဥဘယထ္ထေနက-တို့၏ အဓိပ္ပါယ်ကို လိုရင်းတိုကျဉ်း ရေးသားဖြေဆိုရ၍ ပထမပါရာဇိကသိက္ခာပုဒ်၌ (က) နိဒါန်း။ (ခ) ပုဂ္ဂလ-တို့ကိုလည်း ဖော်ပြခဲ့ပါ။

၁၇။ ဓောဝတီတိုင်း (အဝေဖြ)
ပထမယော်တန်း ။ ။ ဘိက္ခုပါဒိဝမာက်ဘာသာ

၁။ ဥယျုတ္တသေနာ, သေနာဝါသ, ဥယျောဓိကသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ ၁။ စာတုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂိဥပုသ်နေ့ ၃-နေ့တို့တွင် တစ်နေ့တစ်နေ့ဖြစ်ခြင်း။
၂။ ၄-ပါး, ၄-ပါးထက်အလွန်ရှိသော ပကတတ်ရဟန်းတို့ တစ်သိမ်တည်း၌ ဟတ္ထပါသ စပ်လျက် တည်ရှိခြင်း။
၃။ သဘာဝအာပတ်မရှိခြင်း။
၄။ လူစသော ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁-ယောက်တို့ သံဃာ၏ဟတ္ထပါသ်အတွင်း၌ မရှိခြင်း။
ဒုဗ္ဗစရဟန်းအား ရဟန်းကောင်းတို့က ပြောဆိုပုံ-
အရှင်သည် ဝိမိကိုယ်ကို မဆိုထိုက်သူကို မပြုပါလင့်၊ ဆိုထိုက်သူကိုသာ ပြုပါလော၊ အရှင်သည်လည်း ရဟန်းတို့ကို သိတင်းသုံးဖော်တို့၏ ဥစ္စာဖြစ်သော သိက္ခာပုဒ်ဖြင့်

http://www.dhammadownload.com

ဝါ– အကြောင်းနှင့်တကွဖြစ်သောစကားဖြင့် ပြောဆိုပါလော၊ ရဟန်းတို့သည်လည်း အရှင်ကို သိတင်းသုံးဖော်တို့၏ ဥစ္စာဖြစ်သော သိက္ခာပုဒ်ဖြင့် ဝါ– အကြောင်းနှင့်တကွ ဖြစ်သောစကားဖြင့် ပြောပါကုန်လတ္တံ့၊ အချင်းချင်း ပြောရကျိုးကား အကြင်အချင်းချင်း ပြောဆိုခြင်း, အချင်းချင်းအာပတ်မှ ထစေခြင်းသည် ရှိ၏၊ ထိုအချင်းချင်း ပြောဆိုခြင်း ကြောင့်လည်းကောင်း, ထိုအချင်းချင်းအာပတ်မှ ထစေခြင်းကြောင့်လည်းကောင်း ထိုပြတ် စွာဘုရား၏ ပရိသတ်သည် ဤသို့ ကြီးပွားရပါ၏။

၄၊ ၁။ မကျွန်းမာရာအခါ၊ ၂။ သက်နိုးလျှုရာအခါ၊ ၃။ သက်နိုးချုပ်ဆိုးရာအခါ၊ ၄၊ အခွန်ရည်သောခရီးကို သွားရာအခါ၊ ၅။ လှေစီးရာအခါ။ ၆။ ရဟန်းများစွာ စုဝေးရာအခါ၊ ၇။ သမဏအာမည်ရသူတို့၏ ထမင်းကျွေးရာအခါ။

သုံးဆောင်ကောင်းသော ပစ္စည်းဝတ္ထု– (ပဲခူးအရှေ့ ၃–တွင်ရှု)

၅။ **သဘာဝအာပတ်မည်ပုံ–** (ပဲခူးအရှေ့ ၅–တွင်ရှု)
အလဇ္ဇီပုဗ္ဗိုလ်အင်္ဂါ– (ကချင် ၄–တွင်ရှု)

၆။ **လိင်တွေ့နက–** မစင်ကြယ်သော စိတ်ရှိသည်၏အဖြစ်ဖြင့် အသွင်မျှကိုသာ ခိုးသောသူ။
သံဝါသတွေ့နက– ပေါင်းသင်းဆက်ဆံမှုဟူသော သံဝါသမျှကိုသာ ခိုးသောသူ။
ဥဘယတွေ့နက– အသွင်လိင်, ပေါင်းသင်းဆက်ဆံမှု သံဝါသ ၂–မျိုးလုံးကို ခိုးသောသူ။
(က) ဝေသာလီပြည်၊ (ခ) သုဒိန္နဝေဒ်ရ်၊ (ဂ) မေထုန်လွန်ကျူးမှု။

၁၈။ ပထမပြန်အထူးဓမ္မာဘာင် ဓရွေးချယ်ဓရေးစာဓမးပွဲ
ပထမငယ်တန်း ။ ။ ဘိက္ခုပါတိဓမောက်ဘာသာ
၁၃၇၀–ခုနှစ်၊ ဝါဆိုလဆန်း (၃)ရက်၊ (၅–၇–၂၀၀၈) စနေနေ့

၁။ အဓိကရုဏ်းပြဿနာကြောင်းတရားများနှင့် ကျင်ကြီး ကျင်ငယ်စွန့်ရာ၌ လိုက်နာကျင့်သုံးအပ်သော သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးပြပါ။

http://www.dhammadownload.com

၂။ ရောင်းဝယ်, လဲလှယ်ခြင်းနှင့်စပ်ဆိုင်သော သိက္ခာပုဒ်တို့ကို အနက်ပေးပြပါ။

၃။ အာပတ်ကို ဖုံးလွှမ်းခြင်း၏ အပြစ်တို့ကို ကုန်စင်အောင် ရေး၍ အမူလကပါရာဇိက အာပတ်ပြင့် စွပ်စွဲခြင်း၏ ရည်ရွယ်ချက်ကိုလည်း ပါတိမောက်လာအတိုင်း ရေးပါ။

၄။ အောက်ပါ ရဟန်းတို့၏ အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ပြည့်စုံအောင် ညွှန်ပြပါ။
(က) ဗျာန်,မင်,ဖိုလ်ကို ရ၏ ဟုပြောကြားသော ရဟန်း။
(ခ) ပန်းခူးသော ရဟန်း။
(ဂ) ဝိနည်းဆုံးဖြတ်ရာ၌ ဆန္ဒမပေးဘဲ ထသွားသော ရဟန်း။
(ဃ) ဝိမိက ရပ်လျက် ထိုင်နေသူ(မနာမဗျားသူ)အား တရားဟောသောရဟန်း။

၅။ ပါစိတ်အာပတ်သင့်စေနိုင်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ကို ရေတွက်ပြ၍ တိတ္ထိများ ဝဇ္ဇနီယ စာရင်း ဝင်/မဝင် ကိုလည်း အကြောင်းပြကာ ဆုံးဖြတ်ပါ။

၆။ အဝိမာနဖြစ်ထိုက်သော ပုဂ္ဂိုလ်နှင့် အဝိမာနအရကို ကောက်ပြပါ။

၁၈။ ဓာတုံးဓဿာင် (အဓမ္မ)
ပထမဝေယ်ဓာန်း ။ ။ ဘိက္ခုပါတိဓမ္မာက်ဘာသာ

၁။ ဥပ္ပန္နုပ္ပန္နာနံ —ပ— တိဏာဝတ္ထာရကောတိ။
ဒ္ဝိတောဥစ္စာရ, ဟရိတေဥစ္စာရ, ဥဒကေဥစ္စာရသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ ရူပိယသံဝေါဟာရ, ကယဝိက္ကယသိက္ခာပုဒ်တို့ကို အနက်ရေးလေ။

၃။ အာပတ်ကို ဖုံးလွှမ်းခြင်းကြောင့် သမ္ဘဝနမုသာဝါဒဒုက္ခင့်အာပတ်သင့်ခြင်း။ ၎င်း အာပတ်၏ ဓိပ္ပဒ္ဓိသာရလျှင် အကြောင်းရှိသောကြောင့် ပါမောဇ္ဇ-စသည်တို့၏ ဖြစ်ခြင်းကို တားမြစ်၍ ပထမဈာန်စသည်တို့၏ ရခြင်း၏ အန္တရာယ်ကို ပြုခြင်းတို့ ဖြစ်သည်။

http://www.dhammadownload.com

ရည်ရွယ်ချက်- (စစ်ကိုင်း ၃-တွင်ရှု)

၇။ (က) မရဘဲ ရဏီဟုပြောလျှင် ဥတ္တာရိမနုဿဓမ္မသိက္ခာပုဒ်ဖြင့် ပါရာဇိကအာပတ်၊
ရသည်ကို ရဏီဟုပြောလျှင် ဘူတာရောစနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်၊
(ခ) ဘူတဂါမသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်၊
(ဂ) ဆန္ဒံ အဒတ္တာ ဂမနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်၊
(ဃ) ဌိတသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်။

၈။ ပါစိတ်အာပတ်သင့်စေနိုင်သော ဝဇ္ဇနီယပုဂ္ဂိုလ်-
၁။ မိစ္ဆာအယူကို မစွန့်သူ၊
၂။ အာပတ်သင့်လျက် ထိုအာပတ်ကို အာပတ်ဟု မရှုသူ၊
၃။ အာပတ်ဟုရှုသော်လည်း ဒေသနာပြောခြင်း,ပရိဝါသ်နေခြင်းတို့ဖြင့် မကုစားသူ။
ဆောင်- စွန့်, မ်ရှု, ကျေတုံ့ပြန်, သရုပ်ပြား, သုံးပါးဥတ္တိတ် ထည့်။ (ဘာဏ္ဍိ)
ဝဇ္ဇနီယစာရင်းဝင်- တိတ္ထိများကို ဂဟဋ္ဌသန္ဓိဖြင့် သိမ်းယူအပ်သောကြောင့် ဝါ-
လူတို့၌ ထည့်သွင်းရေတွက်အပ်သောကြောင့် တိတ္ထိများ ဝဇ္ဇနီယစာရင်းဝင်ပါသည်။

၆။ အဓိမာနဖြစ်ထိုက်သောပုဂ္ဂိုလ်နှင့် အဓိမာနအရ- (ပဲခူးအနောက် ၆-တွင်ရှု)

၁။ ပထမပြန်စာဓမးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)
ပထမယော်တန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၉-ခုနှစ်၊ တဇေါင်းလပြည့်ကျော် (၁၂) ရက်၊ (၂-၄-၂၀၀၈) ဗုဒ္ဓဟူးနေ့

၁။ မဌကုဏ္ဍလိဝတ္ထုလာ မိစ္ဆာအယူရှိသော အဒိန္နပုဗ္ဗကပုဏ္ဏား၏ ဆွမ်းကျွေးပွဲအလျှဉ်
မိစ္ဆာ အယူရှိသောသူနှင့် သမ္မာအယူရှိသောသူတို့၏ စည်းဝေးပုံ ထူးခြားချက်ကို ဖော်ပြ
၍ ဆွမ်းကျွေးအပြီး၌ မြတ်စွာဘုရားအား ယင်းပုဏ္ဏားက လျှောက်ထားသော ပြဿနာ
စကားရပ်ကိုလည်း အပိုအလိုမရှိရေးပြပါ။

http://www.dhammadownload.com

၂။ အောက်ဖော်ပြပါတို့၏ အမည်များကို အသီးသီးဖော်ပြခဲ့ပါ။
(က) ဥတောနမင်း၏ တိုင်းပြည်နှင့် ဖခင်အမည်၊
(ခ) ဥတောနမင်း၏ မိဖုရားသုံးယောက်အမည်၊
(ဂ) ဥတောနမင်း၏ ပထွေးအမည်၊
(ဃ) ဗါသုလဒတ္တာ၏ တိုင်းပြည်နှင့် ဖခင်အမည်၊
(င) ကောသမ္ဗိသူဌေးသုံးဦးအမည်။

၃။ စိတ္တာဝင်္ကလာ ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရရှာသော တိသရဟန်းကို အကြောင်းပြု၍ မြတ်စွာဘုရားမိန့်ကြားတော်မူသော ဂါထာပါဠိကို မှန်ကန်စွာ ရေးပြခဲ့ပါ။

၄။ ဗါ၏ ချစ်သား အို ရဟန်းများတို့ သတ္တဝါတို့မည်သည် ဘဝနှင့်ဆန္ဒ တစ်ထပ်တည်း မပြစ်မိ အချိန်၌သာလျှင် သေမင်း၏အလိုနှင်ငံသို့ လိုက်ပါကြရ၏ဟု ပြဆိုသော ပုပ္ပဝဂ်လာ ဂါထာပါဠိကို အနက်ပေးပြခဲ့ပါ။

၅။ နတ္ထိ ဘာလေ သဟာယတာ–၌ သဟာယသရုပ်ကို အဋ္ဌကထာလာသည့်အတိုင်း ထုတ်ပြခဲ့ပါ။

၆။ စရန္တိ ဘာလာ ဒုမ္မေဓာ–၌ ဘာလအဓိပ္ပါယ်, နဿ သော သခီတဓမ္မာနံ ကလံ အဗ္ဗတိ သောဋ္ဌသိ –၌ သခီတဓမ္မတို့၏ သဘောသွားအဓိပ္ပါယ်ကို ဘာလဝဂ် အဋ္ဌကထာနှင့် အညီ ရေးသားဖြေဆိုပါ။

၁။ ကဗျင်ပြည်နယ် (အခေါ်)
ပထမငယ်ဘုန်း။ ။ ဓမ္မပဒဘာသာ

၁။ ဝိတ္ထာအယူရှိသူများသည် " ယနေ့ရဟန်းဂေါတမကို ပြဿနာအမျိုးမျိုးမေးခြင်းဖြင့် နှိပ်စက်ညှင်းဆဲသည်ကို ကြည့်အုံ့ " ဟုကြံ၍ စည်းဝေးကြ၏။

http://www.dhammadownload.com

သမ္မာအယူရှိသူများသည် " ယနေ့ဘုရားရှင်၏ အရာတော်, ဘုရားရှင်၏ တင့်တယ်စမ္ဘာယ်ခြင်းကို ပူးပြင်ကြအံ့" ဟု ကြံ၍ စည်းဝေးကြ၏။ ဤသို့ ထူးခြားပါသည်။

(ဓမ္မ- ၆၊ ၁၊ ၂၂)

ပုဏ္ဏားမေးလျှောက်သော ပြဿနာစကားရပ်-

ပုဏ္ဏားသည်-"အရှင်ဂေါတမ ပေးလှူပူဇော်ခြင်း, တရားနာခြင်း, ဥပုသ်သီလ စောင့်သုံးခြင်းတို့ကို မပြုမူ၍ အသင်တို့အား စိတ်၏ကြည်သိုကာမျှဖြင့်သာလျှင် နတ်ပြည်၌ ဖြစ်ပေါ်းသောသူတို့မည်သည် ရှိပါကုန်သလော " ဟု မေးလျှောက်ပါသည်။ (ဓမ္မ- ၆၊ ၁၊ ၂၂)

၂။ (က) ကောသမ္ဗီပြည်၊ ပူရန္ဒမင်း။

(ခ) သာမာဝတီ၊ ဝါသုလဒတ္တာ၊ မာဂဏ္ဍိ။

(ဂ) အလ္လကပ္ပရသေ့။

(ဃ) ဥဒေနိပြည်၊ စဏ္ဍာပဇ္ဇောတမင်း။

(င) ယောသကသူဌေး။ ကုက္ကုဋသူဌေး။ ပါဝါရိကသူဌေး။ (အပ္ပမာဒဝဂ်၊ သာမာဝတီဝတ္ထု အဋ္ဌကထာ)

၃။ ဂါထာ- ၄၁။

၄။ ဂါထာ- ၄၇။

၅။ စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလ၊ ကထာဝတ္ထု (၁၀) ပါး။ ဓူတင် (၁၃) ပါး။ ဝိပဿနာ ဉာဏ်၊ မဂ် (၄) ပါး၊ ဖိုလ် (၄) ပါး၊ ဝိဇ္ဇာ (၃) ပါး၊ အဘိညာဉ် (၆) ပါး။ (ဓမ္မ- ၆၊ ၁၊ ၂၂ဃ)

၆။ ဗာလအဓိပ္ပါယ်-ပစ္စုပ္ပန်လောကအကျိုး, တမလွန်လောကအကျိုးကို မသိသူသည် ဗာလ။

သခီတာဓမ္မ အဓိပ္ပါယ်-

သိအပ်, နှိုင်းယှဉ်အပ်သောသစ္စာလေးပါးတရားရှိသော အရိယာပုဂ္ဂိုလ် (၈) ယောက်။

(ဓမ္မ- ၆၊ ၁၊ ၃၁၃)

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၂။ ပထမပြန်စာစမးပွဲ ကျင်းပစရုးဗဟိုစာမေးပွဲခွဲ (ကယားပြည်နယ်)

ပထမဝယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၆၉–ခုနှစ်၊ တစေပါင်းလပြည့်ဓကျာ် (၁၂) ရက်၊ (၂–၄–၂၀၀၈) ဗုဒ္ဓဟူးဓနု

၁။ အပ္ပမာဒဝဂ် သာမာဝတီဝတ္ထုဖွင့် ဘုရားရှင်ဟောကြားတော်မူသော ဂါထာပင်ငြိတို့ကို ရေးပါ။

၂။ ကိုလေသာမာရ် မလွှမ်းမိုး မနှိပ်စက်နိုင်အောင် ရဟန္တာအရှင်မြတ် မဟာကာဠမထေရ် ကျင့်သုံးခဲ့ပုံများကို ပြဆိုသော ဂါထာကို အနက်ရေးခဲ့ပါ။

၃။ ကုသိုလ်ကောင်းမှုပြုပြီးသော အလှူရှင်ပုဂ္ဂိုလ်များရနိုင်သော အကျိုးများကို ဓမ္မိကဥပါသကာနှင့် သုမနဒေဝီဝတ္ထုဖွင့် ဘုရားရှင်မည်ကဲ့သို့ ဟောကြားတော်မူပါသနည်း ပြည့်စုံအောင် ဖြေဆိုပါ။

၄။ အောက်ပါ အမှတ်ပြ ပုဒ်တို့နှင့် ဥပမာပြုထားသောအရာဝတ္ထုတို့ကို ဖော်ပြပါ။
(က) အိုး၊ (ခ) မြေကြီး၊ (ဂ) ရေမြှုပ်။

၅။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့၏ ငယ်နာမည်ကို ဖော်ပြ၍ စိတ်၏ ဇကစာရ မည်ပုံကိုလည်း ရှင်းပြပါ။

၆။ အင်္ဂတိုင်း ဘဒ္ဒိယမြို့နေ ဘုန်းရှင်, ကံရှင် ငါးဦးတို့၏ အမည်တို့ကို ဖော်ပြ၍ ဗိဒ္ဓိသာရမင်းကြီး၏ တိုင်းနိုင်ငံ၌ နေကြကုန်သော အမိတဘောဂသူဌေးကြီးငါးဦးတို့၏ အမည်တို့ကို လည်း ရေးပြပါ။

၂။ ကယားပြည်နယ် (အစဖြ)

ပထမဝယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ– ၂၁– မှ– ၂၃။

http://www.dhammadownload.com

၂။ ဂါထာ– ၈။

၃။ ကောင်းမှုကို ပြုသောသူသည် ဤပစ္စုပ္ပန်ဘဝ၌ ဝမ်းမြောက်ရ၏၊ တမလွန်ဘဝ၌ ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်, တမလွန်နှစ်တန်သော ဘဝတို့၌လည်း ဝမ်းမြောက်ရ၏၊ ထို ကောင်းမှုကို ပြုသောသူသည် မိမိ၏စင်ကြယ်သော ကုသိုလ်ကံကို သိမြင်ရ၍ အလွန်ဝမ်း မြောက်ရ၏။ (ဂါထာ– ၁၆)

ကောင်းမှုကို ပြုသောသူသည် ဤပစ္စုပ္ပန်ဘဝ၌ နှစ်သက်ရ၏၊ တမလွန်ဘဝ၌ နှစ်သက်ရ၏၊ ပစ္စုပ္ပန်, တမလွန်နှစ်တန်သော ဘဝတို့၌လည်း နှစ်သက်ရ၏၊ " ငါသည် ကောင်းမှု ကို ပြုမိပြီ " ဟု နှစ်သက်ရ၏၊ သုဂတိဘဝသို့ ရောက်ရပါမူကား လွန်စွာနှစ်သက်ရ၏။ (ဂါထာ– ၁၈)

၄။ (က) ဆံအစရှိသောခန္ဓာကိုယ်။ (ဂါထာ– ၄၀)

(ခ) အတ္တဘော။ (ဂါထာ– ၄၄)

(ဂ) ဆံအစရှိသောခန္ဓာကိုယ်။ (ဂါထာ– ၄၆)

၅။ အရှင်သာရိပုတ္တရာ၏ ငယ်နာမည် – ဥပတိဿ၊
အရှင်မောဂ္ဂလာန်၏ ငယ်နာမည် – ကောလိတ။ (ဓမ္မ– ၆။ ၁၊ ၅၆)

စိတ်၏ ကေစာရ မည်ပုံ–

စိတ်သည် တစ်ခုသောခဏာ၌ ခုနှစ်ခု၊ ရှစ်ခု တစ်ပြိုင်နက်မဖြစ်၊ တစ်ခုတည်းသာ ဖြစ်၍ စိတ်တစ်ခုချုပ်ပြီးမှ နောက်တစ်ခုဖြစ်ပေါ်လာသောကြောင့် " ဇကေစာရ " မည်ပါသည်။ (ဓမ္မ– ၆။ ၁၊ ၁၉၃)

၆။ မေဏ္ဍကသူဌေး၊ စန္ဒပဒုမာ သူဌေးကတော်၊ ဓနဉ္စယသား။
သုမနဒေဝီချွေးမ၊ ပုဏ္ဏကျွန်။ (ဓမ္မ– ၆။ ၁၊ ၂၄၃)

အမိတဘောဂ သူဌေးကြီး (၅) ဦး–

ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏက၊ ကာကဝလိယ။ (ဓမ္မ– ၆။ ၁၊ ၂၄၃)

http://www.dhammadownload.com

၃။ ပထမပြန်စာဓမ္မဝဲ့ ကျင်းပစရေးဗဟိုအမှဲ့ခွဲ (ကရင်ပြည်နယ်)

ပထမယော်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၆၉–ခုနှစ်၊ တန်ခူးပါင်းလပြည့်ဓကျာ် (၁၂) ရက်၊ (၂–၄–၂၀၀၈) ဗုဒ္ဓဟူးနေ့။

၁။ မြေနှင့် မြေပါတို့ကဲ့သို့ တစ်ကမ္ဘာလုံးတည်သောရန် မပြစ်စေခြင်းငှါ ဗုဒ္ဓမြတ်စွာ ဟောတော်မူခဲ့သည့် ငြိမ်းချမ်းရေးတရားပြ ကာဋ္ဌယက္ခိနီဝတ္ထုဂါထာကို ပါဠိရေးခဲ့ပါ။

၂။ တရားကျင့်သူကို တရားက ပြန်စောင့်ရှောက်ပုံပြ ''ဓမ္မော ဟဝေ ရက္ခတိ''အစရှိသော ဂါထာကို အနက်ပေးပြခဲ့ပါ။

၃။ မိဘဆွေမျိုးသားချင်းတို့ မပေးစွမ်းနိုင်သော ချမ်းသာသုခများကို ဖော်ပြ၍ ယင်းချမ်းသာသုခများတို့ကို ပေးစွမ်းနိုင်သော အရာကိုလည်း သောရေယျဝတ္ထုနှင့်ညီစွာ ဖြေဆိုခဲ့ပါ။

၄။ ထင်ရှားကျော်ကြားလိုသူတိုင်း ပြည့်စုံရမည့် အဂါ၀ ၇–ပါးကို ကမ္ဘာ့ယောသကသူဌေးသားဝတ္ထုလာ ဘုရားဟော ပါဠိဂါထာအားလျော်စွာ တင်ပြခဲ့ပါ။

၅။ မဟာသုဝဏ္ဏသူဌေးကြီး၏ တောစိုးသစ်ပင်ထံ၌ 'ဆုတောင်းပုံ'နှင့်၊ 'ပါလ' 'စူဠပါလ' အမည်ရပုံများကို စက္ခုပါလမထေရ်ဝတ္ထုမျှော်ရှု၍ ဖြေဆိုခဲ့ပါ။

၆။ ရှင်စူဠပန်ဥာဏ်ထိုင်းရခြင်းအကြောင်းကို သိသာရုံမျှ ဖော်ပြ၍၊ ဗာရာဏသိမင်း တစ်ထောင်ပေး၍ သင်ယူသောမန္တာန်အမည်ကို ဖြေဆိုပြီးလျှင်၊ သိကြားမင်းဖြစ်ရန် ကျင့်တတ် ၇–ပါးတို့တွင် ရှေ့ ၃–ပါးကိုသာ ရေးသားဖြေဆိုခဲ့ပါ။

၃။ ကရင်ပြည်နယ် (အဝေး)

ပထမယော်တန်း။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ– ၅။

http://www.dhammadownload.com

၂။ ဟဝေ-စင်စစ်၊ ဓမ္မော-တရားသည်၊ ဓမ္မစာရီ-တရားကိုကျင့်သောသူကို၊ ရက္ခတိ-စောင့်ရှောက်၏၊ သုစိဏ္ဏော-ကောင်းစွာကျင့်အပ်သော၊ ဓမ္မော-တရားသည်၊ သုခံ-ချမ်းသာသုံးပါးကို၊ အာဝဟတိ၊ ရွက်ဆောင်တတ်၏၊ သေ-ဒေဝ- ဤသဘောသည်ကား၊ ဓမ္မေ-တရားတို့ကို၊ သုစိဏ္ဏော-ကောင်းစွာကျင့်ရာ၌၊ အာနိသံသော-အကျိုးတည်း၊ ဓမ္မစာရီ-တရားကို ကျင့်သောသူသည်၊ ဒုဂ္ဂတိ-အပါယ်လေးပါးသို့ နဂစ္ဆ တိ- မရောက်ရ။
(ဓမ္မ- ၆၊ ၁၊ ၆၂)

၃။ (စကြာဝဠာတေးမင်းစည်းစိမ်ဟုဆိုအပ်သော) လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ။
ချမ်းသာသုခကို ပေးစွမ်းနိုင်သောအရာ-
ကောင်းစွာဆောက်တည်အပ်သောကုသိုလ်စိတ်။ (ဂါထာ- ၄၃)

၄။ ထကြွလုံ့လ ဝိရိယရှိခြင်း၊ သတိရှိခြင်း၊ စင်ကြယ်သောကံ သုံးပါးရှိခြင်း၊ စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိခြင်း၊ ကိုယ်, နှုတ်, နှလုံး စောင့်စည်းလေ့ရှိခြင်း၊ တရားနှင့်အညီ အသက်မွေးလေ့ရှိခြင်း၊ မမေ့မလျော့ခြင်း။ (ဂါထာ- ၂၄)

၅။ သာဝတ္ထိပြည် ဘားသမီးမရရှိသော မဟာသုဝဏ္ဏသူဌေးသည် အခက်အရှက်နှင့် ပြည့်စုံသောသစ်ပင်ကြီးအား တန်ခိုးကြီးနတ် စောင့်ရှောက်သည် ဟုထင်၍ သစ်ပင်ကြီးအောက်ကို သုတ်သင်ရှင်းလင်းခြင်း, ရာဇမတ်ကာခြင်း, ဒုံသဲခင်းခြင်း, တံခွန်စိုက်ခြင်းစသောအမှု တို့ကိုပြု၍ " အကျွန်ုပ်အား သားရတနာလည်းကောင်း, သမီးရတနာလည်းကောင်း ရပါမူ အရှင်နတ်မင်းတို့အား ကြီးစွာသော ပူဇော်သက္ကာရကို ပြုပါအုံ" ဆုတောင်းပါသည်။
ပါလနှင့် စူဠပါလအမည်ရပုံ-
အဖသုဝဏ္ဏသူဌေးကြီးသည် မိမိစောင့်ရှောက်အပ်သော တောစိုးသစ်ပင်ကို အမှီပြု၍ ရအပ်သော သားဖြစ်သောကြောင့် " ပါလ "ဟု အမည်ရပါသည်။
သူဌေးကတော်သည် ဒုတိယသားကို ဖွားသည်ရှိသော် ထိုဒုတိယသားငယ်အား " စူဠ ပါလ " ဟု အမည်မှည့်ပါသည်။ (ဓမ္မ- ၆၊ ၁၊ ၂ / ၃)

http://www.dhammadownload.com

၆။ ရှင်စူဠပန်လျောင်းလျှာသည် ကာသပဘုရားရှင်လက်ထက်၌ စာတတ်ပေတတ် ရဟန်းတစ်ပါးဖြစ်ခဲ့စဉ် ဉာဏ်လေးသော မိမိတပည့်ရဟန်းတစ်ပါးကို ရှက်၍ စာဆက်လက်မသင်ဝင့်အောင် ပျက်ရယ်ပြောင်လောင်ခဲ့မှုကြောင့် ဉာဏ်ထိုင်းရပါသည်။

(ဓမ္မ- ၌၊ ၁၊ ၁၅၅)

မန္တန်အပည်-

ဃရှေသိ မန္တန် (ဃရှေသိ ဃရှေသိ၊ ကိ ကရဏာ ဃရှေသိ၊ အဟပ္ပိ တံ ဇာနာမိ ဇာနာမိ)

(ဓမ္မ- ၌၊ ၁၊ ၁၆၀)

ကျင့်ဝတ် ၇၂ (၃) ပါး-

အသက်ထက်ဆုံး မိဘတို့ကို လုပ်ကျွေးခြင်း၊
အသက်ထက်ဆုံး အမျိုးထဲ၌ ကြီးသူကို ရိုသေခြင်း၊
အသက်ထက်ဆုံး သိမ်မွေ့စွာပြောဆိုခြင်း။ (ဓမ္မ- ၌၊ ၁၊ ၁၇၂)

၅။ ပထမပြန်စာစမ်းပွဲ ကျင်းပခရေးဗဟိုအမှဲခွဲ (စစ်ကိုင်းတိုင်း) ပထမမယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၆၉-ခုနှစ်၊ တဇေါင်းလပြည့်ဓကျာ(၃) ရက်၊ (၂၄-၃-၂၀၀၈) တနလာဓနေ။

၁။ ရန်ကိုရန်ချင်း မတ္ထီလျင်းမှ ရန်ငြိမ်းအေးနိုင်ပုံကို ပြဆိုသည့် ကာဠယက္ခိနီဝတ္ထု-လာ ဂါထာကို ပါဠိသက်သက်ရေးခဲ့ပါ။

၂။ မေ့လျော့ပေါ်ဆ အိပ်မောကျနေသော ပုဂ္ဂိုလ်တို့အား အားအင်ပြန်ဖျင်း မြင်းပိန်ချာနှင့် တူပုံကို ပြဆိုသည့် ပမတ္တာပမတ္တဒ္ဒေသဟာယကဝတ္ထုလာ ဂါထာပါဠိကို အနက်ယောဇနာခဲ့ပါ။

၃။ စိတ်ဏ် သဘောလက္ခဏာများနှင့် ယင်းစိတ်ကို စောင့်စည်းထိန်းချုပ်နိုင်ပါက ရရှိမည့် အကျိုးတရားများကို သံယရက္ခိတဘာဂိနေယျတ္ထေရဝတ္ထုလာ ဂါထာမှ ထုတ်နုတ် ရေးသားခဲ့ပါ။

mahabandeownkyaw

၇။ မည်သို့သောပုဂ္ဂိုလ်သည် ဟင်းမွှေယောက်မနှင့်တူ၍၊ မည်သို့သောပုဂ္ဂိုလ်သည် အရသာ သိသည့် လျှာနှင့်တူသည်ကို ဗာလဝဂ်လာ ဂါထာတို့မှ ထုတ်နုတ်ရေးသားခဲ့ပါ။

၈။ အနာထပိဏ်သူဌေးကြီးသည် တစ်နေ့နှစ်ကြိမ် ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိပါ သော်လည်း ဗုဒ္ဓမြတ်စွာအား ပြဿနာ မမေးမြန်ဘူး–ဟုဆိုရာ ယင်းသို့ပြဿနာကို မမေးမြန်းခြင်းအပေါ် သူဌေးကြီး၏ သဘောထားနှင့် ဗုဒ္ဓမြတ်စွာ၏ သဘောထားတို့ကို ရေးသားဖြေဆိုခဲ့ပါ။

၆။ အောက်ပါတို့ကို ရေးသားဖြေဆိုခဲ့ပါ။
(က) နတ်တို့၏ စုတေခြင်း အကြောင်းတရားများ၊ (အကျဉ်းမျှသာ)
(ခ) နတ်တို့သေဌာန်း သိကြားမင်း၏ သက္ကာ, ဝါသဝ အမည်ရခြင်းအကြောင်းတရားများ။

၅။ စစ်ကိုင်းတိုင်း (အဝဖြ)
ပထမဝယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ– ၅။

၂။ ဂါထာ– ၂၉။

၃။ စိတ်သည် – ဝေးသောအာရုံသို့ ရောက်အောင်သွားနိုင်သည်၊
တစ်ခုသောခဏာ၌ ခုနှစ်ခု, ရှစ်ခု တစ်ပြိုင်နက်မဖြစ်၊ တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်သည်၊
ကိုယ်ဟန် ပုံသဏ္ဌာန်လည်းမရှိ၊
ဟဒယဝတ္ထုဏ်မှီရာဖြစ်သော မဟာဘုတ်လေးပါးတည်းဟူသော လိုဏ်လျှိုတည်ရာ ရှိသည်။
စောင့်စည်းထိန်းချုပ်နိုင်ပါက ရရှိမည့်အကျိုးတရားများ–
ကိလေသာမာန်တည်းဟူသော တောဘူမကဝင့်ဒုက္ခအပေါင်းမှ လွတ်မြောက်နိုင်၏။
(ဂါထာ– ၃၇)

http://www.dhammadownload.com

၇။ ဟင်းမွှေယောင်းမသည် ဟင်း၏အရသာကို မသိသကဲ့သို့ လူမိုက်သည် အသက်ထက်ဆုံး ပညာရှိကို ဆည်းကပ်စေကာမူ သူတော်ကောင်တရားမသိနိုင်။ (ဓိဃ- ၆၄)
လျှာသည် ဟင်း၏အရသာကို သိသကဲ့သို့ ပညာရှိသည် မိမိထက်ပညာရှိသောသူကို တစ်ခဏမျှ ဆည်းကပ်စေကာမူ သူတော်ကောင်းတရားကို လျှင်မြန်စွာသိနိုင်၏။
(ဓိဃ- ၆၅)

၈။ အနာထပိဏ်သူဌေးကြီးသည်- 'မြတ်စွာဘုရားသည် ဘုရားဖြစ်၍လည်း သိမ်မွေ့တော်မူ၏၊ မင်းမျိုးဖြစ်၍လည်း သိမ်မွေ့တော်မူ၏၊ အကယ်၍ ဤသည် တစ်ဝိုတစ်ခုသော ပြဿနာကို မေးလျှောက်ခဲ့သည်ရှိသော် ဤသူဌေးသည် ဤဘုရားအား ကျေးဇူးများလှပေသည်-ဟု နှလုံးသွင်းတော်မူ၍ တရားဟောကြားလျှင် ဘုရားရှင် ပင်ပန်းပေလိမ့်မည်' ဤသို့ကြံစည်၍ ဘုရားရှင်အပေါ်၌ လွန်ကဲသော ချစ်ခင်ကြည်ညိုခြင်း သဘောထားရှိသောကြောင့် တစ်ကြိမ် တစ်ခါမျှ မြတ်စွာဘုရားအား ပြဿနာမမေးမြန်းဘူးပါ။
ဗုဒ္ဓမြတ်စွာ၏ သဘောထား-
ဘုရားရှင်သည် - ''ဤသူဌေးသည် ငါ့အား မစောင့်ရှောက်အပ်သောအရာ၌ စောင့်ရှောက်၏၊ ဤသည် လေးသင်္ချိန့်၌ ကမ္ဘာတစ်သိန်းကာလပတ်လုံး တန်ဆာဆင်ခြင်းနှင့် တကွသော ဦးခေါင်းတော်ကိုပြတ်လျှက် မျက်စိတို့ကိုထုတ်ကာ နှလုံးကိုနှုတ်၍ အသက်နှင့် တူသောသားမယားကိုစွန့်ပြီး ပါရမီဖြည့်ခဲ့တိုင်း သူတပါးတို့အား တရားဟောခြင်း ဌာသာ ဖြည့်ကျင့်ခဲ့၏၊ ဤသူဌေးသည် ငါ့ကို မစောင့်ရှောက်အပ်သောအရာ၌ စောင့်ရှောက်၏ ''ဟု ကြံ၍ တစ်ခုတစ်ခုသော တရားဒေသနာတော်ကို ဟောကြားသည်သာ။
(ဓမ္မ- ၆၊ ၁၊ ၃)

၆။ (က) သက်တမ်းကုန်မှုကြောင့် စုတေခြင်း၊
ကောင်းမှုကံစွမ်း ကုန်မှုကြောင့် စုတေခြင်း၊
အစာစားချိန် လွန်မှုကြောင့် စုတေခြင်း၊
သူတပါးအပေါ် လွန်ကဲသော အမျက်ထွက်မှုကြောင့် စုတေခြင်း။
(ဓမ္မ- ၆၊ ၁၊ ၁၁၀/၁၁၁)

(ခ) ရှေးလူဖြစ်စဉ်- ရိုသေစွာ ပေးလှူခဲ့မှုကြောင့် သက္ကာ မည်ရပါသည်။

http://www.dhammadownload.com

သိကြားမင်း၏ ဝါသဝမည်ခြင်းအကြောင်း-

ရှေးလူဖြစ်စဉ်-ဇည့်သည်တို့ တည်းခိုရာဧရေပ်ကို ပေးလျှောခဲ့မှုကြောင့် ဝါသဝ အမည်ရပါသည်။

(ဓမ္မ- ၌ ၁၊ ၁၆၈)

၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်း)
ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၉-ခုနှစ်၊ တပေါင်းလပြည့်ဓကျာ် (၁၂)ရက်၊ (၂-၄-၂၀၀၈) ဗုဒ္ဓဟူးနေ့

၁။ အောက်ဖော်ပြပါ ဓမ္မပဒပါဠိတော်များကို ရေးသားပြပါ-

(က) ''ရန်တို့မပြန်မှ ရန်ငြိမ်းကြသည်''ဟု ဆိုးမသော ကာဋ္ဌယက္ခိနီဝတ္ထု

(ခ) ''အပ္ပမာဒဖြင့် အောင်ပွဲရသည်''ဟု ဖော်ပြသော မဃဝတ္ထု။

၂။ ခုနောင်သာဝ ဝမ်းသာရကြောင်း ကောင်းမှုရှင်တစ်ယောက်အား ဟောကြားခဲ့သော (ဓမ္မိက ဥပါသကဝတ္ထု)၏ထာကို အနက်ရေးပြပါ။

၃။ ဓမ္မအာနစ်ကို ရသူနှင့် မရသူတို့ ကွာခြားမှုသဘောသွားကို သာရိပုတ္တာထွေရဝတ္ထု ထောက်ရှုလျက် ကွဲပြားအောင် ရေးသားပြပါ။

၄။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများနှင့် ဘိက္ခုနီနွယ်ဝင် သီလရှင်တို့သည် အလှူရှင်တို့၏ သဒ္ဓါနှင့် ဥစ္စာကို မနစ်နာစေဘဲ မည်ကဲ့သို့ ကျင့်သုံးရမည်ကို ဥပမာစကားဖြင့် ထင်ရှားအောင် ရေးသားပြပါ။

၅။ ဘုရားရှင်လက်ထက် အရိယာတို့ နေ့စဉ်ပုံမှန်ဆောင်ရွက်နေကျ ကိစ္စနှစ်ပါးကို ဓမ္မပဒအဋ္ဌကထာအရ ဖော်ပြ၍၊ သီဇလသု သုသမာဟိတော-၌ 'သီလ'သရုပ်ကို ထုတ်ပြကာ ဤ၌ ယူရမည့်သီလကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com

၆။ ဘုရားရှင်ထံ အရှင်ဒေဝဒတ်၏ တောင်းဆိုမှု ဆုပါးခုကို ဖော်ပြ၍ နတ်တို့၏ စုတိပျက်ကြွေ သေလွန်ရခြင်း အကြောင်းတရား လေးပါးကိုလည်း ရေးသားပြပါ။

၆။ တနေ့ဘက်ရိတိုင်း (အဓမ္မ)
ပထမယေဘုန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ– ၅။ (ခ) ဂါထာ– ၃၀။

၂။ ဂါထာ– ၁၆။

၃။ အနှစ်ရှိသောတရားကို အနှစ်ရှိ၏။ အနှစ်မရှိသော ဒိဋ္ဌိတို့၏တရားကို အနှစ်မရှိ၊ ဤသို့ သိသောပုဂ္ဂိုလ်တို့သည် မှန်သောအကျင့်လျှင် ကျက်စားရာရှိကုန်သည်ဖြစ်၍ သီလ စသော ဓမ္မအနှစ်သာရကို ရကြကုန်သည်။
အနှစ်မရှိသော ဒိဋ္ဌိတို့၏တရား၌ အနှစ်သာရရှိ၏။ အနှစ်ရှိသော သူတော်ကောင်းတရား၌ အနှစ်မရှိ၊ ဤသို့ အယူရှိကုန်သောပုဂ္ဂိုလ်တို့သည် မှားသောအကြံလျှင် ကျက်စားရာရှိ ကုန် သည်ဖြစ်၍ သီလစသော ဓမ္မအနှစ်သာရကို မရနိုင်ကြကုန်၊ ဤသို့ ကွာခြားပါသည်။
(ဂါထာ– ၁၁ / ၁၂)

၄။ ပျားပိတုန်းသည် ပန်းပွင့်ကိုလည်းကောင်း အဆင်းအနံ့ကိုလည်းကောင်း မပျက်စီးစေဘဲ ပန်းဝတ်ရည်ကိုသာ စုပ်ယူပျံသန်းသွားသကဲ့သို့ ရွာ၌နေသော ရှင်ရဟန်းသည် ပန်း တည်းဟူသော သဒ္ဓါတရားနှင့် အဆင်းအနံ့တည်းဟူသော စည်းစိမ်ဥစ္စာကို မပျက်စီး စေဘဲ ပစ္စည်းလေးပါးကို ခံယူကာ ကျင့်သုံးရမည်။ (ဂါထာ– ၄၉)

၅။ နံနက်အခါ၌ အလျှုံနှုပြုကြသည်။
ညချမ်းအခါ၌ ပန်း, နံ့သာစသည်လက်စွဲလျှက် အဝတ်, ဆေး, အဖျော်စသည်ယူကာ တရားနာရန် ဘုရားကျောင်းသို့ သွားကြသည်။ (ဓမ္မ– ၆၊ ၁၊ ၄)

http://www.dhammadownload.com

သီလသရုပ်-
ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊
အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ။
ဤ၌ စတုပါရိသုဒ္ဓိသီလ လေးပါးလုံးယူရမည်။ (ဓမ္မ- ၆၊ ၁၊ ၅၂)

၆။ ရဟန်တော်များသည် - အသက်ထက်ဆုံးတော၌ နေစေပါ။
အသက်ထက်ဆုံး ဆွမ်းခံစားစေပါ။ အသက်ထက်ဆုံး ပုံသကူသက်နှံ ဝတ်ဆင်စေပါ။
အသက်ထက်ဆုံး သစ်ပင်ရင်း၌ နေစေပါ။
အသက်ထက်ဆုံး အသား, ငါးစားခြင်းမှ ရှောင်ကြဉ်စေပါ။ (ဓမ္မ။ဌ။၁။ ၉၁)
နတ်၏ စုတေကြောင်းတရား (၄) ပါး- (စစ်ကိုင်း ၆-တွင်ရှု)

၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အနောက်ပိုင်း)
ပထမယော်တန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၉-ခုနှစ်၊ တပေါင်းလဆုတ် (၃) ရက်၊ (၂၄-၃-၂၀၀၈) တနလာဓနေ

၁။ အောက်ဖော်ပြပါ ဂါထာများကို ပါဠိသက်သက်ရေးပြပါ။
(က) မိမိ၏ ကောင်းမှု မကောင်းမှု ပြု မပြုကိုသာ ကြည့်ရှုရာ၏-ဟု မိန့်ဆိုပုံပြဂါထာ၊
(ခ) လူမိုက်သည် ပညာရှိကိုဆည်းကပ်စေကာမူ တရားကိုမသိနိုင်-ဟု မိန့်ဆိုပုံပြဂါထာ။

၂။ အောက်ဖော်ပြပါ ဂါထာများကို အနက်မှန်မှန်ပေးပြပါ။
(က) တောင်ထိပ်၌တည်သူသည် မြေပြင်၌တည်သူကို ရှုကြည့်သကဲ့သို့ ပညာရှိရဟန္တာ သည် ပုထုဇဉ်သူမိုက်တို့ကို ရှုကြည့်၏-ဟု မိန့်ဆိုပုံပြဂါထာ။
(ခ) မတည်တံ့သောစိတ် စသည်ရှိသောသူများအား ပညာမပြည့်စုံနိုင်-ဟုမိန့်ဆိုပုံပြ ဂါထာ။

၃။ ရာထူးဂုဏ်သိမ် စည်းစိမ်ဥစ္စာ အခြွေအရံ အကျော်အစော တိုးပွားနိုင်ရန် ပြည့်စုံရမည့် အဂါရဝများကို ပြည့်စုံစွာ ဖော်ပြပါ။

http://www.dhammadownload.com

၇။ မပြုသင့်သောကံနှင့် ပြုသင့်သောကံတို့ကို ဗာလဝဂ်နှင့်အညီ ပြည့်စုံစွာ ဖော်ပြပါ။

၈။ ဘုရားရှင်နှင့်ဆွေမျိုးတော်စပ်သော သာကိုဝင်မင်းသား (၆)ဦးတို့ကို ဖော်ပြပြီး၊ ဒေဝဒတ္တ ဝတ္ထုလာ ဣဒ္ဓိ တပ္ပတိ၊ ပေစ္စ တပ္ပတိ၊ ပါပကာရီ ဥဘယတ္ထ တပ္ပတိ–ဟူသော ဂါထာ ပါဒများအရ တပ္ပတိ–(၃)ပုဒ်တို့၏ ပူပန်မှု သုံးမျိုးကွဲပြားပုံကိုလည်း ဖော်ပြပါ။

၆။ အပ္ပမာဒဝဂ်၌ မမေ့မလျော့ သတိရှိသူတို့သည် သေကုန်သော်လည်း မသေကုန်သောသူများဟုလည်းကောင်း သတိလွတ်ကင်း မေ့လျော့ခြင်းရှိသူတို့သည် အသက်ရှင်ကုန်သော်လည်း သေကုန်သောသူများဟုလည်းကောင်း ဘုရားရှင်မိန့်ဆိုရခြင်းအကြောင်းကို ပြည့်စုံစွာ ဖော်ပြပါ။

၇။ ပဲခူးတိုင်း/ အဓနာက်ပိုင်း (အဓမ)
ပထမယေဘုန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ– ၅၀။ (ခ) ဂါထာ– ၆၄။

၂။ (က) ဂါထာ– ၂၈။ (ခ) ဂါထာ– ၃၈။

၃။ ပြည့်စုံရမည့် အင်္ဂါရပ်များ– (ကရင် ၄–တွင်ရှု)

၄။ ပြုလုပ်ပြီးနောက် နောင်တတဖန်ပူပန်၍ ဝိုက်ကြွေးမြည်တမ်းရခြင်းအကျိုးကို ခံစားရသော (မကောင်းမှု) ကံကို မပြုသင့်ပါ။ (ဂါထာ– ၆၇)

ပြုသင့်သောကံ–

ပြုလုပ်ပြီးနောက် နောင်တတဖန် မပူပန်ရဘဲ ပီတိသောမနဿဖြင့် နှစ်သက်ဝမ်းမြောက်ရသော အကျိုးကိုခံစားရသော (ကောင်းမှု) ကံကိုပြုသင့်ပါသည်။ (ဂါထာ– ၆၈)

http://www.dhammadownload.com

၅။ ဘဒ္ဒိယ, အနုရုဒ္ဓ, ဘဂု, ကိမိလ, အာနန္ဒာ, ဒေဝဒတ္တာ။ (ဓမ္မ- ၌၊ ၁၊ ၈၈)

ပူပန်မှု (၃) မျိုး ကွဲပြားပုံ-

ကာမ တပွတိ-ကျေပစ္ဆည်ဘဝ၌ ကံကြောင့်ပူပန်ခြင်းဟူသော ဂိတ်ဆင်းရဲမှု ဒေါ်မနဿ မှုဖြင့် ပူပန်ရ၏။

ပေစ္စ တပွတိ-တမလွန်ဘဝ၌ အကျိုးကြောင့်ပူပန်ခြင်းဟူသော အလွန်ကြမ်းတမ်း သော အပါယ်၌ ဖြစ်သော ကိုယ်, စိတ်ဆင်းရဲခြင်းဖြင့် ပူပန်ရ၏။

ပါပကာရီ ဥဘယတ္ထ တပွတိ - ဆိုခဲ့ပြီးသော ပူပန်ခြင်းတို့ဖြင့် ပစ္စုပ္ပန် တမလွန် နှစ်တန် သောဘဝတို့၌ ပူပန်ရ၏။ (ဓမ္မ- ၌၊ ၁၊ ၉၇)

၆။ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် သာမာဝတီအမှုးရှိသော ငါးရာသောမိန်းမ, မာဂဏ္ဍိအမှုးရှိသော ငါးရာသောမိန်းမ တို့နှင့် ဆွေမျိုးငါးရာတို့၏ အချည်းနှီး သေကျေပျက်စီးခြင်းကို အကြောင်းပြု၍ မိန့်ဆိုပါ သည်။ (ဓမ္မ- ၌၊ ၁၊ ၁၀၃)

၈။ ပထမပြန်စာစမ်းပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အစရှေ့ပိုင်း)
ပထမယော်တန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၉-ခုနှစ်၊တဘေပါင်းလပြည့်ကျော် (၃) ရက်၊ (၂၄-၃-၂၀၀၈) တနင်္ဂနွေနေ့။

၁။ လုံ့လဝီရိယ စသည်တို့ကို ကြိုးစားအားထုတ်ပြုလုပ်သောသူအား အခြေအရံတိုးပွားကြောင်း ပြဂါထာကို မှန်ကန်စွာ ပါဠိရေးခဲ့ပါ။

၂။ အထက်လေညာ မဆန်သာသော ပန်းရနံ့တို့ထက် သူတော်ကောင်းတို့၏ သီလရနံ့ ဂုဏ်သီတင်း အရပ်မျက်နှာများ၌ လှိုင်သင်းပုံကို ပြဆိုသောဂါထာကို အနက်ပေးခဲ့ပါ။

၃။ ကောင်းမှုရှင်များ၏ တမလွန်ပစ္စုပ္ပန် နှစ်တန်သောဘဝတို့၌ ဝမ်းမြောက်ကြပုံ နှစ်သက်ကြ ပုံများကို ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၇။ မိခင်, ဖခင်, သားချင်း, ဆွေမျိုးများက မပေးနိုင်သော ချမ်းသာကို ဖော်ပြ၍ ယင်းချမ်းသာမျိုးကိုပေးနိုင်သောအရာကိုလည်း ဖြေဆိုခဲ့ပါ။

၈။ မဟာလတာတန်ဆာ ပြုလုပ်ရာဝယ် ပါဝင်သောရတနာများကို အချိုးကျ ရေတွက်ပြ၍ ၎င်းတန်ဆာ ဆင်ပြန်းရသူများကိုလည်း ဖော်ပြခဲ့ပါ။

၆။ ညဉ့်တာရှည်မှုကို သိသောပုဂ္ဂိုလ်နှင့် မသိသောပုဂ္ဂိုလ်များကို ခွဲခြားစိစစ်ပြခဲ့ပါ။

၈။ (ပဲခူးတိုင်း/ အရှေ့ပိုင်း) အပြေ
ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ ၂၄။

၂။ ဂါထာ ၅၄။

၃။ (ကယား ၃–တွင်ရှု)။

၄။ (ကရင် ၃–တွင်ရှု)။

၅။ ပါဝင်သောရတနာများ– ဝရဖိန် ၄–ကွမ်းစား၊ ပုလဲ ၁၁–ကွမ်းစား၊ သန္တာ ၂၂–ကွမ်းစား၊ ပတ္တမြား ၃၃–ကွမ်းစားတို့ ပါဝင်သည်၊ ထို့အပြင် ပိုးချည်ပါချည် မရောဘဲ ရှေ့ချည်ဒွေချည် သက်သက်ဖြင့်သာ ချည်ကိစ္စကို ပြီးစေသည်။ (ဓမ္မ၊ ဌ၊ ၁၊ ၂၄၁–၉)

ဝင်းတန်ဆာ ဆင်ပြန်းရသူများ

ကျောင်းအမကြီး ဝိသာခါ၊ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာ၊ ဗာရာဏသီသူဌေးကြီး၏ သမီး၊ ပေါင်း ၃–ဦး။ (ဓမ္ဓ၊ ဌ၊ ၁၊ ၂၆၁)

http://www.dhammadownload.com

၆။ တစ်ညလုံး ကမ္ဘာ့ဘုန်းတရားအားထုတ်နေသူ၊ တရားဟောနေသော ဓမ္မကထိက၊ ၎င်း၏အနီးဌာ တရားနာနေသူ၊ ခေါင်းကိုက်ဝေဒနာစသည်နှင့် တွေ့ရှိလည်းကောင်း, လက်ခြေပြတ်ခြင်းစသည်သို့ ရောက်ရှိလည်းကောင်း ဝေဒနာခံစားနေရသူ၊ ညဉ့်အခါ အခွန့်ရှည်သောခရီးကို သွားနေသူ၊ ပေါင်း ၅-ဦး။

ညဉ့်တာရှည်မှုကို မသိသော်ပုဂ္ဂိုလ်-

နေထွက်သည့်တိုင်အောင် လူးလှိမ့်ကာ အိပ်လျက် အပျင်းကြီးသူ၊

ကောင်းကောင်းစားပြီး ကောင်းမွန်သော အိပ်ရာ၌ အိပ်လျက် ကာမဂုဏ်ခံစားသူ။

(ဒေါ့၊ ၆၊ ၁၊ ၂၁၁-၉)

၉။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအမှုခွဲ (မဇကွားတိုင်း)

ပထမငယ်တန်း ॥ ॥ ဓမ္မပဒဘာသာ

၁၃၆၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃) ရက်၊ (၂၄-၃-၂၀၀၈) တနင်္လာနေ့။

၁။ မတည်တံ့သော စိတ်ရှိ, သူတော်ကောင်းတရားကို မသိ, သဒ္ဓါတရားနည်းသည့် သူမှာ ပညာမပြည့်စုံနိုင်၊ ရာဂဖြင့် မစွန်းငြ, ဒေါသဖြင့် မထိပါး, ကောင်းမှု မကောင်းမှုကို ပယ်ရှားလျက် နိုးကြားသူမှာ ကိလေသာဘေးရန် မရှိပြီ-ဟု ဟောတော်မူအပ်သော စိတ္တဝဂ်လာ ဂါထာတို့ကို ပါဠိရေးခဲ့ပါ။

၂။ လူမိုက်တို့၏ အတတ်ပညာ ရာထူး အခြီအရံ စည်းစိမ်မှန်သမျှသည် အကျိုးမဲ့ကိုသာ ဖြစ်စေ၍ အသိပညာ ကုသိုလ်ဆိုင်ရာကိုလည်း ဖျက်ဆီးပစ်တတ်သည်ဟု ဟောတော်မူ အပ်သော သဠာယတနဝဂ္ဂ၊ ဂါထာကို အနက်ပေးခဲ့ပါ။

၃။ ဘေးရန်ပေါလှသော လောကကြီးအတွင်း၌ ရန်မျိုးငြိမ်းသူ, မငြိမ်းသူတို့ကို ယမကဝဂ်လာ ဒေသနာတော်များအရ ခွဲခြားဖော်ပြခဲ့ပါ။

၄။ စိတ္တဝဂ် ပဌမသုတ္တဝတ္ထု ဂါထာ၌ ဟောတော်မူထားသော ကျင့်သုံးရန်အချက် ငါးချက်တို့ကို ပြည့်စုံအောင် ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၅။ (က) အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့၏ ငယ်နာမည်နှင့် (ခ) ယင်းမထေရ်နှစ်ပါးတို့ ဗုဒ္ဓထံ၌ ရဟန်းပြုပြီး မည်မျှကြာသောအခါ မည်သည့်တရားကို နာကြား၍ ရဟန္တာဖြစ်ခဲ့ကြသည်တို့ကို အသီးသီး ဖြေဆိုပါ။

၆။ ပသေနဒိ(ကောသလ)မင်းသား၏ တက္ကသိုလ်ပညာသင်ဖက် မင်းသားတို့၏ အမည်များနှင့် ဘုရားရှင်၏တပည့် 'အဂ္ဂ'ဘွဲ့ရပုဂ္ဂိုလ်များ၏ ဘွဲ့/အမည်တို့ကို ဝိဇ္ဇာဘဝတ္ထုလာ အတိုင်း ထုတ်ဖော်တင်ပြခဲ့ပါ။

၉။ မဇ္ဈိမတိုင်း (အဓိပ္ပြာယ်)
ပထမငယ်ဘန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ- ၃၈ / ၃၉။

၂။ ဂါထာ- ၂၇။

၃။ ရန်တို့မမှုသောသူ၊
ငါတို့ သေကြရကုန်လိမ့်မည်ဟူသော သိမှုကြောင့် ခိုက်ရန်ငြင်းခုန်မှုကို မပြုသော ပညာရှိ။
(ဂါထာ- ၅ / ၆)

ရန်မျိုးမပြိမ်းသူ-
ရန်တို့မှုသောသူ၊
ငါတို့ သေကြရကုန်လိမ့်မည်ဟူသော မသိမှုကြောင့် ခိုက်ရန်ငြင်းခုန်မှုကို ပြုသော လူမိုက်။
(ဂါထာ- ၅ / ၆)

၄။ ဤဆံစသော ခန္ဓာကိုယ်ကို အိုးနှင့်တူစွာ မကြာမရှည်ပျက်တတ်သည် ဟုသိရခြင်း၊ ပြိုကြိုးနှင့်တူသော ဝိပဿနာစိတ်ကို ဖြစ်စေရခြင်း၊
ပညာလက်နက်ဖြင့် ကိလေသာမာန် ရန်အပေါင်းကို တိုက်ဖျက်ရခြင်း၊

http://www.dhammadownload.com

အောင်အပ်ပြီးသော တရားကို စောင့်ထိန်းရခြင်း၊
ချာန်ချမ်းသာ၌ သာယာကပ်ငြိမှု မရှိရခြင်း။ (ဂါထာ- ၄၁)

၅။ (က) (ကယား ၅- ၇)

(ခ) အရှင်မောဂ္ဂလာန်သည် ရဟန်းပြုပြီး (၇) ရက်ကြာသောအခါ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ဓာတုကမ္မဋ္ဌာန်းတရားကို နာကြားပြီး ရဟန္တာ ဖြစ်တော်မူ၏။ အရှင်သာရိပုတ္တရာသည် ရဟန်းပြုပြီး (၁၅) ရက်ကြာသောအခါ မိမိ၏တူဖြစ်သော ဒီဃနခပရိဗိုဇ်အား ဝေဒနာပဋိဂ္ဂဟဏသုတ်ကို ဟောကြားရင်း သူတပါးခူးအပ်သော ခဲဖွယ်ကို လွယ်လင့်တကူ သုံးဆောင်ရသောသူကဲ့သို့ ရဟန္တာ ဖြစ်တော်မူ၏။
(ဓမ္မ- ၆၊ ၁၊ ၆၁)

၆။ မဟာလိမင်းသား, ဗန္ဓုလမင်းသား။ (ဓမ္မ- ၆၊ ၁၊ ၂၁၅)

အဂ္ဂ ဘွဲ့ရပုဂ္ဂိုလ်များ၏ ဘွဲ့ / အမည်-

အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်ဟူသော အဂ္ဂသာဝကနှစ်ပါး၊
ခေမာ , ဥပ္ပလဝဏ်ဟူသော အဂ္ဂသာဝိကာနှစ်ပါး၊
စိတ္တသူကြွယ်, ဟတ္ထကအာဠဝကဟူသော အဂ္ဂဥပါသကာနှစ်ယောက်၊
နန္ဒမာတာ, ခုဇ္ဇုတရာဟူသော အဂ္ဂဥပါသိကာနှစ်ယောက်။ (ဓမ္မ- ၆၊ ၁၊ ၂၁၆)

၁၀။ ပထမပြန်စာစမ်းပွဲ ကျင်းပရေးဗဟိုအဖွဲ့၌ (မန္တလေးတိုင်း)
ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၉-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃) ရက်၊ (၂၄-၃-၂၀၀၈) တနလင်္ဂနေ့။

၁။ အောက်ပါတို့ကို ပြဆိုသည့်ဂါထာတို့ကို ပါဠိသက်သက်ရေးခဲ့ပါ။

(က) ရန်ကို ရန်ချင်း မတုံ့လျှင်း ငြိမ်းခြင်းဓမ္မတာ၊

(ခ) အိပ်ပျော်သူအား လွန်၍သွား ကျော်လွှားနိုးကြားသူ။

http://www.dhammadownload.com

၅၈

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၂။ အလှူခံပုဂ္ဂိုလ်များသည် ဒကာ, ဒကာမများထံ အလှူခံရာ၌ ပျားပိတုန်းကဲ့သို့ ကျင့်သုံး၍ အလှူခံသင့်ပုံကို ပြဆိုသည့်ဂါထာကို အနက်ပေးခဲ့ပါ။

၃။ ပညာရှိမှန်က မည်သည့်အရာတို့ဖြင့် သြဃလေးဖြာ မလွှမ်းမိုးရာ ကျွန်းခေမာသို့ ကူးသွားနိုင်သည်ကို ဖြေဆိုရ၍ နတ်တို့သေင့်နင်း သိကြားမင်း၏ ပဓာနလက်ကိုင်ထားသော တရားတစ်ခုကိုလည်း ညွှန်ပြခဲ့ပါ။

၄။ တရားအားထုတ်သူတို့အတွက် လိုအပ်သော သပ္ပါယတို့ကို ဖော်ပြ၍ ခန္ဓာကိုယ်၏ အိုးနှင့်တူပုံကိုလည်း ဖြေဆိုခဲ့ပါ။

၅။ (က) ရန်သူထက် ကြောက်စရာကောင်းသောအရာ၊
(ခ) မိဘဆွေမျိုးထက် ချစ်စရာကောင်းသောအရာ–တို့ကို ဖော်ပြ၍၊
(ဂ) မွှေးရ၍လှပသောပန်းနှင့် တူသောပုဂ္ဂိုလ်–ကိုလည်း ညွှန်ပြခဲ့ပါ။

၆။ ကောင်းခြင်းပါးဖြာကို ဖော်ပြ၍ အပြေးပြိုင်ပွဲ ဝင်မနှဲ့သင့်သောပုဂ္ဂိုလ်များစာရင်းကိုလည်း ရေးသားတင်သွင်းခဲ့ပါ။

၁၀။ မန္တလေးတိုင်း (အဖြေ)

ပထမင်ယ်တန်း ॥ ॥ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ– ၅။ (ခ) ဂါထာ– ၂၉။

၂။ ဂါထာ– ၄၉။

၃။ ထကြွလုံ့လ ဝိရိယရှိခြင်း၊
မမေ့မလျော့ခြင်း၊

http://www.dhammadownload.com

စောင့်စည်းအပ်သော စတုပါရိသုဒ္ဓိသီလရှိခြင်း၊
ဣန္ဒြေကို ဆုံးမခြင်း စသည်တို့ဖြင့် သြဃလေးဖြာ မလွှမ်းမိုးရာ ကျွန်းခေမာသို့ ကူးသွားနိုင်ပါသည်။ (ဝိဏာ- ၂၅)

သိကြားမင်း လက်ကိုင်ထားသောတရား-

ကုသိုလ်ကောင်းမှု မမေ့မလျော့ခြင်းတည်းဟူသော အပ္ပမာဒတရား။ (ဝိဏာ- ၃၀)

၇။ လိုအပ်သောသပ္ပါယ-

အာဝါသသပ္ပါယ, ဥတုသပ္ပါယ, ဘောဇနသပ္ပါယ, ပုဂ္ဂလသပ္ပါယ, ဓမ္မသဝနသပ္ပါယ။
(ဓမ္မ- ၆၊ ၁။ ၂၀၁)

အိုးနှင့်တူပုံ-

ဤဆံစသော ခန္ဓာကိုယ်သည် အားမရှိသောသဘော အရည်မခဲ့ တစ်ခဏမျှသာ တည်တံ့သောသဘောရှိသောကြောင့် အိုးနှင့်တူပါသည်။ (ဓမ္မ- ၆၊၁၊ ၂၀၁)

၈။ (က) အကုသလကမ္မပထတို့၌ မကောင်းသဖြင့် မှားယွင်းစွာ ထားအပ်သောစိတ်။
(ဝိဏာ- ၄၂)

(ခ) ကုသလကမ္မပထတို့၌ ကောင်းစွာနှလုံးသွင်း၍ ထားအပ်သောစိတ်။
(ဝိဏာ- ၄၃)

(ဂ) ကောင်းစွာဟောကြားအပ်သော ဘုရားစကားတော်ကို ရိုသေစွာလိုက်နာကျင့်သုံးသူ။
(ဝိဏ- ၅၁)

၆။ ဆံပင်၏ ကောင်းခြင်း၊ အသား၏ ကောင်းခြင်း၊ အရိုး၏ ကောင်းခြင်း၊
အရေ၏ ကောင်းခြင်း၊ အရွယ်၏ ကောင်းခြင်း။ (ဓမ္မ- ၆၊ ၁၊ ၂၄၄ / ၂၄၅)

အပြေးပြိုင်ပွဲ ဝင်မဆွဲသင့်သောပုဂ္ဂိုလ်-

ဘိသိက်ခံပြီးသောမင်း၊ မင်း၏ တန်ဆာဆင်အပ်သော မင်္ဂလာဆင်၊
ရဟန်း၊ အမျိုးသမီး။ (ဓမ္မ- ၆၊ ၁၊ ၂၄၆)

http://www.dhammadownload.com

၁၁။ ပထမပြန်စာဓမ္မပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)
ပထမဝယ်တန်း ॥ ॥ ဓမ္မပဒဘာသာ
၁၃၆၉–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်၊ (၂–၄–၂၀၀၈) ဗုဒ္ဓဟူးနေ့

၁။ ''ရန်ကို ရန်ချင်း မတုန့်နှင်းနှင့်'' ဟူသော ဆိုထုံးကို နှလုံးမူ၍ – ကာဋ္ဌယက္ခိနီဝတ္ထု၌ ဟောကြားအပ်သော ရန်ငြိမ်းကြောင်း ဂါထာကို ပါဠိရေးသားခဲ့ပါ။

၂။ သားသမီးနှင့် ပစ္စည်းဥစ္စာတို့သည် အားကိုးရာအစစ် အမှန်မဟုတ်ကြောင်း ပြဆိုသော ဂါထာကို အနက်ပေးခဲ့ပါ။

၃။ အောင်မြင်ရေး ခရီးသွား လူငယ်များသိရှိနားလည်အပ်သော အိပ်ပျော်သူ(ပျင်းရိသူ)နှင့် နိုးကြားသူ (လုံ့လဝီရိယရှိသူ)တို့၏ သဘာဝစွမ်းအား ခြားနားပုံကို ဥပမာနှင့်တကွ တင်ပြဖြေဆိုခဲ့ပါ။

၄။ ကောင်းသောအမှုနှင့် မကောင်းသောအမှုတို့ ဟူ၍ ခွဲခြားသိမြင်နိုင်သော မှတ်ကျောက်များကို ဖော်ပြခဲ့ပါ။

၅။ ဓမ္မဇီဝိနော–ဟူသော ဒေသနာတော်အရ လူနှင့် ရဟန်းတို့အတွက် ဓမ္မနှင့်ညီသော အသက်မွေးမြူနည်းများကို ဖော်ပြခဲ့ပါ။

၆။ ''ဆရာနှင့် ဒကာ ရေနှင့်ကြာ'' ဟု အဆိုရှိသော်လည်း သာသနာဝန်ထမ်း ရှင်ရဟန်းများ ချဉ်းကပ်၍ မနေအပ်သော အမျိုးဒါယကာ အိမ်အမျိုးအစားတို့ကို ထုတ်နှုတ်ဖော်ပြခဲ့ပါ။

၁၁။ မွန်ပြည်နယ် (ဓာဇြေ)
ပထမဝယ်တန်း॥ ॥ ဓမ္မပဒဘာသာ

၁။ ဂါထာ– ၅။

http://www.dhammadownload.com

၂။ ဂါထာ- ၆၂။

၃။ လျှင်ပြန်သောမြင်းကောင်းသည် ခွန်အားကုန်သော မြင်းပိန်ကို စွန့်ထားခဲ့၍ သွားသကဲ့သို့ အိပ်ပျော်သောသူ(ပျင်းရိသူ) ကို မျှားစွာနိုးကြားသောသူ (လုံ့လဝီရိယရှိသူ) ပညာရှိသည် သံသရာအဝန့်၌ စွန့်၍သွားပါသည်။ ဤသို့ သဘာဝစွမ်းအား ခြားနားပါသည်။
(ဂါထာ- ၂၉)

၄။ နောင်တတဖန် မပူပန်ရပဲ ပီတိသောမနဿဖြင့် နှစ်သက်ဝမ်းမြောက်ရသော အကျိုးကိုခံစားရသောအမှုသည် ကောင်းသောအမှု ဖြစ်သည်။ (ဂါထာ- ၆၈)

မကောင်းသောအမှု-

နောင်တတဖန် ပူပန်၍ ငိုကြွေးပြည်တမ်းခြင်းအကျိုးကို ခံစားရသောအမှုသည် မကောင်းသောအမှု ဖြစ်သည်။ (ဂါထာ- ၆၇)

၅။ လူများအဖို့ ချိန်ခွင်ဖြင့်စင်းလဲကောက်ကျစ်မှုစသည်ကို ရှောင်ကြဉ်၍ လယ်ထွန်မှု, နွားမွေးမှု, ရောင်းဝယ်မှုတို့ဖြင့် အသက်မွေးခြင်း၊
ရဟန်းများအဖို့ ဆေးကုခြင်းအမှု, တမန်ပြုခြင်းအမှု စသည်တို့ကို ရှောင်ကြဉ်၍ တရားနှင့်အညီ ဆွမ်းခံလှည့်လည်ခြင်းဖြင့် အသက်မွေးမှုတို့ဖြစ်ပါသည်။ (ဓမ္မ- ၄၊ ၁၊ ၁၅၂)

၆။ နှစ်သက်မြတ်နိုးစွာ ခရီးဦးမကြိုဆိုခြင်း၊
နှစ်သက်မြတ်နိုးစွာ မရှိခိုးခြင်း၊
နှစ်သက်မြတ်နိုးစွာ နေရာမပေးခြင်း၊
ထင်ရှားရှိသော လျှပ်ဖွယ်ဝတ္ထုကို လျှိုဝှက်ထားခြင်း၊
အများရှိလျှက် အနည်းငယ်သာ လျှခြင်း၊
အကောင်းရှိလျှက် အညံ့လျှခြင်း၊
ရှိသေစွာ, မလျှခြင်း၊
တရားနာရန် အနီးသို့ မချဉ်းကပ်ခြင်း၊
ဟောပြောသောတရားစကားကို ကောင်းစွာနားမထောင်ခြင်း။ (ဓမ္မ- ၄၊ ၁၊ ၂၁၇)

http://www.dhammadownload.com

၁၂။ ပထမပြန်စာစမးပွဲ ကျင်းပစဲရေးဗဟိုအပွဲခွဲ (ရန်ကုန်တိုင်း)
ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၉–စုနှစ်၊ တဇေါင်းလပြည့်ကျော် (၃)ရက်၊ (၂၄–၃–၂၀၀၈) တနင်္လာနေ့

၁။ အောက်ပါ ဓမ္မပဒဂါထာများကို ပါဠိရေးသားပါ။

(က) မကောင်းမှုပြုသောပုဂ္ဂိုလ်သည် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောဘဝတို့၌ ပူပန်ဆင်းရဲရကြောင်းပြဂါထာ၊

(ခ) မြတ်စွာဗုဒ္ဓ ဟောညွှန်ပြသည့် နက္ခတ္တပြိမ်းကြောင်း တရားကောင်းတို့ကို အနည်းငယ်သာ ဟောပြောတတ်ပါသော်လည်း တရားအားလျော်စွာ ကျင့်ဆောင်အားထုတ်လျှင် နှားပိုင်ရှင်နှင့်တူ၍ အကျိုးတရား ခံစားရကြောင်းပြဂါထာ။

၂။ ပညာဉာဏ်နည်းပါး ငမိုက်သားအတွက် မိမိပြုသောမကောင်းမှုကံ အကျိုးမပေးသေးသမျှ ချိုမြိန်သောပျားရည်ကဲ့သို့ မှတ်ထင်ပြီး အကျိုးပေးသောအခါ ကြီးစွာဒုက္ခ ခံစားရကြောင်းပြ ဓမ္မဒေသနာဂါထာတော်ကို အနက်ယောဇနာပါ။

၃။ ကိလေသာမာရ်နှတ် မလွှမ်းမိုးအပ် မလွှမ်းမိုးနိုင်သော ပုဂ္ဂိုလ်ကို ဥပမာနှင့်တကွ ဖော်ပြ၍ ကမ္မဌာန်းဖြင့် မထုံမွှမ်းအပ်သောစိတ်နှင့် ထုံမွှမ်းအပ်သောစိတ်တို့ အကျိုးတရားကွာခြားပုံကိုလည်း ဥပမာနှင့်တကွ ဖော်ပြပါ။

၄။ မြတ်စွာဘုရား၏တရားတော်ကို ရိုသေလေးစား နာကြားနေသော ဥပါသိကာမကို မနာလိုဝန်တိုစိတ်ဖြင့် ဆဲရေးတိုင်းထွာသော ပါဒေယျကအာဇီဝကနှင့်စပ်၍ ဟောကြားအပ်သော ဒေသနာတော်ကို ဖော်ပြ၍ အတတ်ပညာသည် ပညာရှိအတွက် ကောင်းကျိုးဆက်စေနိုင်သော်လည်း လူမိုက်အတွက် ကောင်းကျိုးမထွက် ပျက်စီးပို့ရန်သာဖြစ်ကြောင်းပြ ဓမ္မဒေသနာတော်ကိုလည်း ရေးသားခဲ့ပါ။

၅။ သုဿာန်ရုတင်ဆောင်ရဟန်းတော်များ လိုက်နာရမည့် ကျင့်ဝတ်တို့ကို ဖော်ပြ၍ အရှင်စူဠပန်မထေရ်ဉာဏ်လေးရခြင်း အကြောင်းရင်းကိုလည်း ရေးသားခဲ့ပါ။

http://www.dhammadownload.com

၆။ ဒုက္ခလွတ်ကြောင်း နည်းလမ်းကောင်းကို ရလိုရှာလျှောက်ထားသော အနုပုဇ္ဇသူဌေးအား ရဟန်းတော်မြတ် မိန့်ကြားအပ်သော သြဝါဒကို ဖြေဆိုရှာ၊ သမီးအလိမ္မာ ဝိသာခါအား ဖခင်ဓနဉ္ဇယသူဌေးကြီး မှာကြားသော သြဝါဒဆယ်ပါးတို့တွင် ရှေ့ငါးပါးကိုသာ အများသူငါ လိုက်နာမှတ်သားနိုင်စေရန် ရှင်းလင်းရေးသားခဲ့ပါ။

၁၂။ ရန်ကုန်တိုင်း (အဖြေ)
ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ- ၁၇။ (ခ) ဂါထာ- ၂၀။

၂။ ဂါထာ- ၆၉။

၃။ မတင့်တယ်သောအာရုံကို မတင့်တယ်ဟု အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ စက္ခုစသော ဣန္ဒြေတို့၌ ကောင်းစွာစောင့်စည်းလျက် ဘောဇဉ်၌ ရှာမှီး ခံယူ သုံးဆောင်ခြင်းဟူသော အတိုင်းအရှည်ကိုသိကာ သန္တိတရားနှင့်ပြည့်စုံသော အားထုတ်အပ်သော ဝီရိယရှိသော ရဟန်းကို ''လေပြေ, လေညှင်းသည် ကျောက်တောင်ကြီးကို မနှိပ်စက် မလွှမ်းမိုးနိုင်သကဲ့သို့'' ကိလေသာ မာန်နတ်က မလွှမ်းမိုးနိုင်ပါ။ (ဂါထာ- ၅)

အကျိုးတရားကွာခြားပုံ-

အိမ်ကိုမကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို သမထဝိပဿနာ ဘာဝနာတို့ဖြင့် ကောင်းစွာမထုံမွမ်းအပ်သော် ရာဂသည် ထိုးဖောက်ဝင်ရောက် ဖျက်စီးနိုင်၏။

အိမ်ကိုကောင်းမွန်စွာ မိုးအပ်သည်ရှိသော် မိုးရေသည် မဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို သမထဝိပဿနာ ဘာဝနာတို့ဖြင့် ကောင်းစွာထုံမွမ်းအပ်သည်ရှိသော် ရာဂသည် မဖောက်ဝင်နိုင်။ (ဂါထာ- ၁၃/ ၁၄)

၄။ သူတပါးတို့၏ မလျော်သောအမှုတို့ကို မကြည့်ရှု မဆင်ခြင်ရာ၊ သူတပါးတို့၏ ကောင်းမှု,

http://www.dhammadownload.com

မကောင်းမှု ပြု, မပြုကိုလည်း မကြည့်ရှု မဆင်ခြင်ရာ၊ ဖိဝိ၏ ကောင်းမှု, မကောင်းမှု ပြု, မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။ (ဝိဘာ- ၅၀)

လူမိုက်အတွက် ပျက်စီးဖို့ရန်သာဖြစ်သော ဒေသနာတော်-

လူမိုက်၏ အတတ်ပညာသည် လူမိုက်အား အကျိုးမဲ့ရန်အတွက်သာ ဖြစ်၏။ လူမိုက်၏ ပြုစင်သော ကုသိုလ်အဖို့ကို ပယ်ဖျောက်တတ်၏။ ပညာတည်းဟူသော ဦးထိပ်ကိုလည်း ပြတ်၍ ကျစေတတ်၏။ (ဝိဘာ- ၇၂)

၅။ ဖိဝိသုသာန်၌ နေကြောင်းကို သုသာန်စောင့်နှင့် ကျောင်းရှိမထေရ်, ရပ်ရွာသူကြီးများကို အသိပေးထားရခြင်း။

သား, ဇီး, နှမ်း, မုန့်ညက်, ဆီ, ထန်းလျက်စသည်တို့ကို ရှောင်ကြဉ်ရခြင်း၊
နေ့အခါ မအိပ်ရခြင်း၊ ပျင်းရိမှု မရှိရခြင်း၊ ဝီရိယရှိရခြင်း၊
ကောက်ကျစ်စဉ်းလဲမှုမရှိဘဲ ကောင်းမွန်သောစိတ်ဓာတ်ရှိရခြင်း၊
ညချမ်းအခါ သူများအိပ်ပျော်ချိန်၌ ကျောင်းမှ ထွက်ကြွရခြင်း၊
နံနက်စောစော သူများမနိုးမီ ကျောင်းသို့ ပြန်ကြွရခြင်း။ (ဓမ္မ- ၆၊ ၁၊ ၄၄)

စူဠပန်မထေရ် ဥဏ်လေးရခြင်း- (ကရင် ၆) -တွင်ရှု)

၆။ သလာကဘတ်, ပက္ခိကဘတ်, ဝဿဝါသိကဝါဆိုသက်နှင့် သက်နှစ်သော ပစ္စည်းလေးပါးတို့ကို လျှုလော့၊ ဖိဝိ ဥစ္စာကို သုံးစုခွဲ၍ တစ်စုကို စီးပွါးရေးလုပ်၊ တစ်စုကို သား, မယားအား လုပ်ကျေး၊ တစ်စုကို ဘုရားရှင်သာသနာတော်၌ လျှုဒါန်းလေလော့။

ထို့ထက်အလွန်ပြုလိုလျှင် - သရဏဂုံသုံးပါးနှင့်တကွ ဗါးပါးသီလ, ဆယ်ပါးသီလ တို့ကို ဆောက်တည်လော့။ ထို့ထက်အလွန်ပြုလိုလျှင်-ရဟန်းပြုလော့။(ဓမ္မ-၆၊ ၁၊ ၁ဆ၇)

ဩဝါဒ ရှေ့ (၅) ပါး

အတွင်းမီး ပြင်ပမဆောင်နှင့် ဟူသည် လင်ယောကျ်ား, ယောကျ္ဍမယောကျ်ား, ယောကျ္ဍမ မိန်းမ တို့၏ ဂုဏ်ကျေးဇူးမဲ့ကို အပြင်လူအား မပြောရခြင်း၊

အပြင်မီး အတွင်းမသွင်းနှင့် ဟူသည် အပြင်လူပြောသော အပြစ်စကားကို ယောကျ္ဍမနှင့် လင်သားအား ပြန်မပြောရခြင်း၊

http://www.dhammadownload.com

ပေးသင့်သူကို ပေးလေ ဟူသည် ယူ၍ ပြန်ပေးသောသူကိုသာ ထပ်ပေးရမည်၊ မပေးသင့်သူကို မပေးနှင့် ဟူသည် ယူ၍ ပြန်မပေးသောသူကို ထပ်မပေးရ၊ ပေးသင့်သည်ဖြစ်စေ မပေးသင့်သည်ဖြစ်စေ ပေးပါ ဟူသည် ဆင်းရဲသူနှင့် ဆွေမျိုးမိတ်ဆွေများကိုကား ပြန်ပေးသည်ဖြစ်စေ မပေးသည်ဖြစ်စေ ထပ်ပေးပါ။

(ဒေဝ ဌ၊ ၁၊ ၂၅၅)

၁၃။ ပထမပြန်စာဓမ်းပွဲကျင်းပရေး ဗဟိုဗဒဗျဲခွဲ (ရခိုင်ပြည်နယ်) ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၆၉–ခုနှစ်၊ တဇေါင်းလပြည့်ဓကျာ် (၁၂) ရက်၊ (၂–၄–၂၀၀၈) ဗုဒ္ဓဟူးနေ့။

၁။ ''မမေ့လျော့လျှင် နိဗ္ဗာန်ပြင်၊ မေ့လျော့လျှင်မပြတ် သေရတတ်၊ မမေ့လျော့သူ မသေ၊ မေ့လျော့သူကား သေသူအလား'' ဟု ဟောတော်မူသော ဂါထာကို ပါဠိသက်သက်ရေးပြခဲ့ပါ။

၂။ ပစ္စုပ္ပန်တမလွန်နှစ်တန်သောဘဝ၌ နှစ်သက်ဝမ်းမြောက်ရပုံကို ပြဆိုသော သုမနာအေးအား အကြောင်းပြုဟောကြားတော်မူသော ဂါထာကို ပါဠိသက်သက်ရေးပြခဲ့ပါ။

၃။ စိတ်မတည်ကြည်သော စိတ္တဟတ္ထမထေရ်ကို အကြောင်းပြု၍ ဟောတော်မူသော ဂါထာတို့၏ အဓိပ္ပါယ်ကို ထင်ရှားပေါ်လွင်အောင် ရေးပြခဲ့ပါ။

၄။ လှပအဆင်း ရနံ့သင်းသည့် ပန်းနှယ်အလား ပမာထားအပ်သော ၂စကားမျိုးကို ဖော်ပြ၍၊ ''မိုက်သောသူလျှင် ယောက်မသွင် ပညာရှင်ကား လျှာအလား'' ဟု ခိုင်းနှိုင်းဖွဲ့ဆိုမှု၌ မိုက်သူပညာရှိသူတို့၏ ယောက်မ, လျှာတို့နှင့်ထူပုံကို ပါဠိတော်အလိုကျ ရှင်းပြခဲ့ပါ။

၅။ စက္ကာပဇ္ဇောတမင်း၏ အတိတ်ဘဝကုသိုလ်ပြုပုံကို ဖော်ပြပြီးလျှင်၊ ဆုတောင်းရန်မလိုဟု အယူရှိသူတို့အား အမြင်မှန်ရစေရန် အစွမ်းထက်သည့် ယာဉ်ပါးမျိုးရရှိရေးအတွက် ဆုတောင်းခဲ့ပုံကိုလည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၆။ သိကြားမင်းအပြစ်နှင့် သာသနာကို စောင့်ရှောက်လိုသူများအတွက် သိကြားမင်းပြစ်ကြောင်းအကျင့်ကောင်းတို့ကို ဖော်ပြ၍ အောင်ပွဲပြန် ဗာရာဏသီမင်းနှင့် အောင်ပွဲရှင် ကုဒါလပဏ္ဍိတတို့၏ အောင်မြင်မှုနှစ်ခု ခြားနားချက်ကို ပိပြင်အောင် ရှင်းပြခဲ့ပါ။

၁၃။ ရခိုင်ပြည်နယ် (အဝေး)
ပထမဝယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ- ၂၁။

၂။ ဂါထာ- ၁၈။

၃။ မတည်တံ့သော စိတ်ရှိ၍ သူတော်ကောင်းတရားကို မသိဘဲ မခိုင်မြဲသော သဒ္ဓါတရား ရှိသူအား ပညာသည် မပြည့်စုံ။
ရာဂတည်းဟူသော မိုးမစွတ်သောစိတ်ရှိ၍ ဒေါသသည် မဖျက်ဆီးအပ်သော စိတ်ရှိသော ကုသိုလ်, အကုသိုလ်ကို ပယ်ပြီးသော မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးသောသူအား ဘေးမရှိ။ (ဂါထာ- ၃၈ / ၃၉)

၄။ အနှံ့လည်းသင်း အဆင်းလည်းလှသော စံပယ်, စကားစသောပန်းသည် လူမြတ်နိုး၍ အကျိုးရှိသကဲ့သို့ ကောင်းစွာဟောကြားအပ်သော ဘုရားစကားတော်သည် ရိုသေစွာ လိုက်နာသူ အား အကျိုးရှိပါသည်။ (ဂါထာ- ၅၂)
မိုက်သူပညာရှိသူတို့၏ ယောက်မ, လျှာတို့နှင့်တူပုံ- (စစ်ကိုင်း ၄-တွင်ရှ)

၅။ စက္ကာပဇော်တမင်းသည် အတိတ်ဘဝ၌ ပစ္စေကဗုဒ္ဓါတစ်ပါးအား အရှင်သခင် လျှုဒါန်းခိုင်းသော ဆွမ်းသပိတ်ကို မွန်းတည့်ချိန်းအချိန်တွင် အလွန်လျင်စွာ အားထုတ်ခြင်းဖြင့် သပိတ်သွားယူခြင်း, ဆွမ်းထည့်ကာ သပိတ်ကိုတဖန် သွားရောက်ကပ်လှူခြင်း ဟူသော ကုသိုလ်တို့ကို ပြုခဲ့ပါသည်။

http://www.dhammadownload.com

ဆုတောင်းခဲ့ပုံ-

စက္ကာပဇ္ဇောတမင်းသည် '' ဤသို့လျှင်စွာ သွားလာရသောကုသိုလ်ကံကြောင့် တစ်နေ့ယူဇနာပေါ်းဆယ်, ခြောက်ဆယ်, တစ်ရာ, တစ်ရာ့နှစ်ဆယ် အဓွန့်ရှည်သော ခရီးတို့ကို သွားနိုင်သောယာဉ်တို့ ဖြစ်ပေါ်လာပါစေသတည်း၊

သွားစဉ်, လာစဉ် နေအရှိန်ဖြင့်ပူလောင်ခံရသော ကုသိုလ်ကံကြောင့် ဖြစ်လေရာဘဝ၌ ဘုန်းတန်ခိုးအာဏာသည် နေမင်းဏ်တန်ခိုးအရှိန်နှင့်တူသည် ဖြစ်ပါစေသတည်း၊ အရှင်သခင်ပေးဝေသောကုသိုလ်အဖို့၏ ပတ္တာနမောဒနကုသိုလ်ကြောင့် အရှင်တို့သိအပ်, မြင်အပ်သောတရား၏ အဖို့ရှိသည် ဖြစ်ပါစေသတည်း' ဟု ဆုတောင်းခဲ့ပါသည်။

(ဓမ္မ-ဋ္ဌ၊ ၁၊ ၁၂၇)

၆။ အသက်ထက်ဆုံး မိဘတို့ကို လုပ်ကျွေးခြင်း၊
အသက်ထက်ဆုံး အမျိုးထဲ၌ ကြီးသူကို ရိုသေခြင်း၊
အသက်ထက်ဆုံး သိမ်မွေ့စွာပြောဆိုခြင်း။
အသက်ထက်ဆုံး ကုန်းချောစကား မပြောကြားခြင်း၊
အသက်ထက်ဆုံး နှမြောဝန်တိုမှု ကင်းပြီး လွတ်လွတ်ကျွတ်ကျွတ် ဝေဖန်ပိုင်းခြားမှု လျှော့ချနိုးခြင်း၊
အသက်ထက်ဆုံး မှန်ကန်စွာ ပြောဆိုခြင်း၊
အသက်ထက်ဆုံး အမျက်မထွက်ခြင်း။ (ဓမ္မ-ဋ္ဌ၊ ၁၊ ၁၇)

အောင်မြင်မှု နှစ်ခုခြားနားချက်-

ဗာရာဏသီမင်း၏ အောင်ခြင်းသည် အပဖြစ်သော ခိုးသူတို့ကိုအောင်၏၊ မင်းကြီး အောင်အပ်သော ရန်သူသည် တစ်ဖန်ပြန်၍ ရှိုးနိုင်သည်။

ကုဒ္ဒါလပဏ္ဍိတ၏ အောင်နိုင်ခြင်းသည် ကိုယ်တွင်းဒ္ဌပြစ်သော လောဘဟူသော ခိုးသူကို အောင်၏၊ လောဘဟူသော ခိုးသူသည် တစ်ဖန်မအောင်နိုင်ပါ။ ဤသို့ ခြားနားပါသည်။

(ဓမ္မ-ဋ္ဌ၊ ၁၊ ၁၉၈)

http://www.dhammadownload.com

၁၄။ ပထမပြန်စာဓမ္မပဲ့ကျင်းပစရေး ဗဟိုဇာတပ္ပဲ့ခဲ့ (ရှမ်းပြည်နယ်/စတောင်ပိုင်း) ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၆၉–ခုနှစ်၊ တဘေပါင်းလပြည့်ဇကျာ် (၁၂) ရက်၊ (၂–၄–၂၀၀၈) ဗုဒ္ဓဟူးဓနု။

၁။ ''နိဗ္ဗာန်သွားကြောင်း ကျင့်စဉ်ကောင်းနှင့် လာဘ်များရရန် ကျင့်အကြံကား တစ်သီးတစ်ခြားစီပင်ဖြစ်သည်''ဟု ဗုဒ္ဓမြတ်စွာ ညွှန်ပြရှာသည့်ဂါထာကို ပါဠိသက်သက် ရေးပြခဲ့ပါ။

၃။ အောက်ပါ (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ပုဒ်စပ်၊ (ဂ) ကို ဓာတ်, ပစ္စည်း, ဝိဘတ်၊ (ဃ)ကို ဓာတ်, ပစ္စည်း၊ (c)ကို နာမ်ရုပ်အကျဉ်း တွက်ပြပါ။
(က) ရဿတ္တိ၊ (ခ) ပတိဟညတိ၊ (ဂ) ပစ္စရေ၊ (ဃ) အာဟစ္စ၊ (c) တွယိ။

၄။ ''နိဂ္ဂဟိတဉ္စ''ဟူသော သုတ်၌ စသဒ္ဒါ ထည့်ဆိုရကျိုးကို ကစ္စည်းကျမ်းလာအတိုင်း ဖြေဆိုပြီးလျှင်၊ ''ပသညသ စ''ဟူသော သုတ်၌ ပ-အရကိုလည်း ဝုတ္တိပါဠိတွေ့ထောက်၍ ကောက်ပြခဲ့ပါ။

၅။ ''ဒေါဒိသ ရိ ပုဗ္ဗောစ ရသော''ဟူသောသုတ်ဖြင့် ''ဒေ-သဒ္ဒါ၏ အစဖြစ်သော ဒေ-အက္ခရာကို ရိ-ပြု၏''ဟုဆိုရာဝယ် အဘယ် ဒေ-အက္ခရာကိုသာ ရိ-ပြုရပါသနည်း တိကျစွာ ညွှန်ပြပြီးလျှင်၊ ''သိမှိ ဝါ''ဟူသောသုတ်၌ တစ်ဖန် ဝါ-သဒ္ဒါထပ်ဆိုရခြင်း အကျိုးကို လည်း ရှုပသိဒ္ဓိနှင့် အညီ ဖြေဆိုပါ။

၆။ ဖော်ပြပါ (က) (ခ) (ဂ) (ဃ) (c) တို့၏ အဓိပ္ပါယ်များကို ပုဒ်စစ်ကျမ်းလာအတိုင်း ဖြေဆိုပါ။ (ပုံစံထုတ်ရန်မလို)
(က) ဗျည်း ၂-မျိုး၊ (ခ) ဝုတ္တသဒ္ဒါ၊ (ဂ) ဥပသာရပုဒ်၊
(ဃ) နေမိတ္တိကနာမ်၊ (c) မနောဂိုဏ်း။

၁၅။ ရှမ်းပြည်နယ်/မြောက်ပိုင်း (အဖြေ)
ပထမယော်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) အတော နိစ္စံ၊ (ခ) ဟိယျတ္တနိသတ္တမိပဋ္ဌမိဝတ္တမာနာ သဗ္ဗဓာတုကံ- (သုတ်ဆိုင်ရာ တို့ကို ပါဠိရေးလေ)

http://www.dhammadownload.com

၂။ (က) ကယား ၂-စ-တွင်ရှု။
(ခ) ယတ္တာမိကရဏံ (ယတော+အဓိကရဏံ)- အကြောင် မစောင့်စည်းအပ်သော စက္ခုနှေ့ကြောင့်၊ စက္ခုဒ္ဒြိယ်- စက္ခုနှေ့ကို၊ အသံဝုတံ- မစောင့်စည်းဘဲ၊ ဝိဟရန္တံ- နေသော၊ ဇနံ ဘိက္ခုံ- ထိုရဟန်းကို၊ အဘိဇ္ဈာဒေါမနဿာ- အဘိဇ္ဈာ, ဒေါမနဿာ ဟုဆိုအပ်ကုန်သော၊ ပါပကာ- ယုတ်မာကုန်သော၊ အကုသလာ- အကုသိုလ်ဖြစ်ကုန်သော၊ ဧမ္မာ- တရားတို့သည်၊ အန္ဒာသဝေယျုံ- အဖန်ဖန်နှိပ်စက်ကုန်ရာ၏။

၃။ (က) ရသ+တ္တံ၊ (ခ) ပဋိဟညတိ၊ (ဂ) ပစ-ဓာတ်+ယ-ပစ္စည်း+အန္တေ-ဝိဘတ်၊
(ဃ) အာ-ပုဗ္ဗ ဟန-ဓာတ်+တ္ဝာ-ပစ္စည်း၊
(င) တုမှ-တည်၊ သို့-သက်၊ တုမှမှာကံ တယိမယိ-ဖြင့် ဝိဘတ်နှင့်တကွ တုမှ-ကို တယိ-ပြု၊ တယာတယိနံ တကာရော တ္ဝတ္တံ ဝါ-ဖြင့် တယိ-၏ တ-ကို တ္ဝ-ပြု၊ ပြီး၏။

၄။ စ-သဒ္ဒါသည် ပစေသတိ-စသောပြယုဂ်တို့၌ ဝိ-ကို ပ-ပြုရခြင်းအကျိုးရှိသည်။
ပ-အရ ဣ-ဝဏ်ကို ယူရမည်၊
အထောက်- ပသည်သ စ ဣဝဏ္ဏသ။

၅။ ယထာ, တထာ- နောက်၌ရှိသော ဇေ-၏ ဧ-ကိုသာ ရိ-ပြုသည်။
ဝါ-သဒ္ဒါထပ်ဆိုရကျိုး
ဟိမဝန္တ-မှအခြားသော သဒ္ဒါတို့၌ အ-မပြုရဟု သတ်မှတ်ခြင်းအကျိုးငှါ ထပ်ဆိုသည်။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

ခ၆။ ပထမပြန်စာမေးပွဲကျင်းပရေး ဗဟိုအမှုဆောင် (ရှမ်းပြည်နယ်/ အာဇရှေ့ပိုင်း)
ပထမယေါ်ဘန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ
၃၆၉-ခုနှစ်၊ တဝေါင်းလပြည့်ဓကျာ် (၁၃) ရက်၊ (၃- ၄-၀၈) ကြာသပတေးနေ့

၁။ အောက်ဖော်ပြပါ ပါဠိတို့၏ သုတ်, ဝုတ္တိ, ဥဒါဟရဏ်တို့ကို စုံလင်စွာ ပါဠိသက်သက် ရေးပြပါ။

http://www.dhammadownload.com

(က) ဆဋ္ဌိအနက်၌ ဒုတိယာဝိဘက်သက်သောသုတ်၊
(ခ) ဒုတိယာအနက်၌ ဆဋ္ဌိဝိဘတ်သက်သောသုတ်။

၂။ သန္ဓိကျမ်း၌ ကာရိယနှစ်ချက်ပါသော သုတ်များကို အနက်ယောဇနာပါ။

၃။ အောက်ပါတို့တွင် (က)ကို ပုဒ်စပ်၊ (ခ)ကို ပုဒ်ဖြတ်၍၊ (ဂ)ကို သန္ဓိရပ်အကျဉ်း၊ (ဃ)ကို နာမ်ရပ်အကျဉ်း၊ (င) ကို အာချာတ်ရပ်အကျဉ်း အသီးသီး တွက်ပြပါ။
(က) ယံ+ဇ+အန္တသ+အာဒေသော၊ (ခ) သကော၊ (ဂ) သဝေ၊
(ဃ) အတြဇော၊ (င) လဗ္ဘတေ။

၄။ ဇေတိမာသမိ–သုတ်ကို နိမိတ်, ကာရိ, ကာရိယတို့ဖြင့် ဝေဖန်ပြ၍၊ အကမ္မန္တသ စ–သုတ်၌ပါသော စ–သဒ္ဒါ၏အကျိုးကိုလည်း ကစ္စည်းကျမ်းလာအတိုင်း ရေးသားပြပါ။

၅။ အညေ ဒိဃာ–သုတ်၌ အည–သဒ္ဒါ၏အကျိုး၊ နယေ ပရံ ယုတ္တော–သုတ်၌ ယုတ္တ–သဒ္ဒါ၏ အကျိုးတို့ကို ရူပသိद္ဓိကျမ်းလာအတိုင်း ရေးသား၍၊ နာဂ–သဒ္ဒါကို ဆဋ္ဌိ, သတ္တမီဝိဘတ်တို့ဖြင့် နာမပဒမာလာ စဉ်ပြပါ။

၆။ အောက်ပါတို့၏ အဓိပ္ပါယ်ကို ပုဒ်စစ်ကျမ်းလာအတိုင်း ပြယုဂ်နှင့်တကွ ရှင်းလင်းဖြေဆိုပါ။
(က) နိဂ္ဂဟီတာဒေသသန္ဓိ၊ (ခ) နိဂ္ဂဟီတာဂမသန္ဓိ၊ (ဂ) ဗျဥ္ဇနဝိကာရသန္ဓိ။

၁၆။ (ရှမ်းပြည်နယ်/ အဇရှ,ပိုင်း) အဖြေ
ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) ကွစိ ဒုတိယာဆဋ္ဌိနမတ္ထေ။
(ခ) ဒုတိယာပဋ္ဌမိနဋ္ဌ– (သုတ်ဆိုင်ရာတို့ကို ပါဠိရေးလေ)။

http://www.dhammadownload.com

၂။ (ဗေါဒိသ ရိ ပုဗ္ဗော စ ရသော၊ လောပဠ္ဍ တတြာကာရော၊ ပါသ စ ရသော-သုတ်တို့ကို အနက်ရေးလေ)

၃။ (က) ယမေဒန္တသာဒေသော၊ (ခ) သယေ၊
(ဂ) သော+ဝေ-တည်၊ သ-ခွင်း သြ-ကြွင်း၊ လောပဠ္ဍ တတြာကာရော-ဖြင့် သြ-ကို ချေ၍ ထိုကျေရာ၌ အ-လာ၊ သ, အ-သို့ကပ်၊ သဝေ-ပြီး၏။
(ဃ) မကွေး ၃၊ ရှု။
(င) လဘ-တည်၊ လဘ- လာဘော၊ ဓာတ်အမည်မှည့်၊ ဓာတွန် အ-ကိုချေ၊ ဝတ္တမာနာ ပစ္စုပ္ပန္နေ-ဖြင့် တေ-သက်၊ ဘာဝကမ္မေသု ယော-ဖြင့် ယ-သက်၊ (လဘ+ယ+တေ)၊ ပုဗ္ဗရူပဠ-ဖြင့် ယ-ကို ပုဗ္ဗရုပ် ဘ-ပြု၊ ကွစိ ဓာတု-စသောသုတ်ကြီးဖြင့် ဓာတွန် ဘ-ကို ဗ-ပြု၊ ကပ်၊ လဗ္ဘတေ-ပြီး၏။

၄၊ နိဝိတ်- သံသာသု၊
ကာရိ- ဗေဟိမာသံ၊
ကာရိယ- ဣ။
စ-သဒ္ဒါအကျိုး- (ပဲခူးအနောက် ၄-တွင်ရှု)

၅၊ အည-သဒ္ဒါသည် ဗျည်းနှင့်တကွ နှစ်မကြာခဲရှိသော အက္ခရာတို့ကို သိမ်းယူခြင်းအကျိုး ရှိ၏။
ယုတ္တ-သဒ္ဒါဆိုရကျိုး- (ကယား ၅-တွင်ရှု)
နာမပဒမာလာ
ဆဋ္ဌိ- 'နာဂဿ၊ နာဂါနံ။
သတ္တမိ နာဂသ္မိं, နာဂမှိ, နာဂေ၊ နာဂေသု။

၆။ (ပုဒ်စစ်ထင်ရှားပြ)

http://www.dhammadownload.com

၁၇။ ပထမပြန်ဘာဓမားပွဲ ကျင်းပရေးဗဟိုအမှုဆောင် (စရာဝတီတိုင်း) ပထမယေဘန်း ။ ။ ကာစွည်းသခ္ခါကြီးဘာသာ

၁၃၆၉–ခုနှစ်၊ တဇေါင်းလပြည့်ဓကျာ် (၄)ရက်၊ (၂၅– ၃–၂၀၀၈) အင်္ဂါခေါ်နေ့

၁။ သန္ဓိကျမ်းဌ အဇ္ဈာ အဘိ–သုတ်နှင့် သဇ္ဈာ စံ တိ–သုတ်အစိအရင်တို့ကို တားမြစ်သော သုတ်များ၏ သုတ်, ဝုတ္တိ, ဥဒါဟရဏ်ပါဠိ–တို့ကို ကုန်စင်အောင် ရေးပါ။

၂။ အောက်ပါ ပါဠိတို့ကို မှန်ကန်စွာ အနက်ရေးပါ။
(က) ယာဝဠိ၁ ဘိက္ခဝေ ပုရိမံ ဇာတိ သရာမိ၊
(ခ) အဝဿုဿတု မေ သရီရေ မံသလောဟိတံ၊
(ဂ) ဂေါနဠေ တရမာနာနံ၊ ဥဇုံ ဂစ္ဆတိ ပုဂ်ဂေါ။
သဗ္ဗာ ဂါဓိ ဥဇုံ ယန္တိ၊ နေတ္တေ ဥဇုံ ဂဇေတ သတိ။
(ဃ) အနေန ဓမ္မဒါနေန၊ သုခိတာ ဟောတု သာ ပဇာ။
ဣမိနာ ဗုဒ္ဓပူဇေန၊ ပတ္တာန အမတံ ပဒံ။

၃။ အောက်ပါတို့တွင် (က)ကို နာမ်ရုပ်၊ (ခ)ကို အာရုံတရုပ်တွက်ပြ၍၊ (ဂ)ကို ဓာတ်, ပစ္စည်း, ဝိဘတ်ခွဲပြပါ။
(က) သဒ္ဓါရေဟိ၊ (ခ) အဇေါ်စုံ၊ (ဂ) ဝုလ္ဘတေ။

၄။ ပုထဿု ဗျဥ္ဇနေ–သုတ်၌ အန္တ–သဒ္ဒါသည် အဘယ်အကျိုးရှိပါသနည်း? ပုံစံနှင့်တကွ ပြေဆို၍ ကမ္မ–သဒ္ဒါကို ပဌမိဇောဝုစ်ဝိဘတ်ပြင့် ပဒမာလာစည်ပြပြီးလျှင်၊ အာရုံတ်ဝိဘတ် ရှစ်သွယ်တို့ကို သဗ္ဗဓာတ်, အသဗ္ဗဓာတ်အားဖြင့် ခွဲခြားဝေဘန်ပြခဲ့ပါ။

၅။ ဇဝ–သဒ္ဒါ၏ အစ ဇ–ကို ရိ–ပြုရာ၌ လိုက်နာရမည့် သဒ္ဒါစည်းကမ်းချက်ကို ရှုပ္ပသိဒ္ဓိ အလိုကျအောင် မှန်ကန်စွာ ရှင်းပြ၍၊ မ–အက္ခရာသည် အဘယ်သဒ္ဒါနောင် အဘယ့်ကြောင့် လာနိုင်ပါသနည်း? ပြေဆိုပြီးလျှင်၊ သရလောပေါ် မာဒေသပစ္စယာဒိမှ သရလော–ပေတု ပကတိ–သုတ်လာ တု–သဒ္ဒါ၏ အကျိုးကိုလည်း ပြေဆိုပါ။

http://www.dhamma-download.com

၆။ အောက်ပါတို့၏ အဓိပ္ပါယ်ကို ပုဒ်စစ်၊ သုတ်စစ်ကျမ်းနှင့်အညီ ဖြေဆိုပါ။
(က) ပုဗ္ဗာသယဗျည်း၊ ပရာသယဗျည်း။
(ခ) အာဝတ္တိကနာမ်၊ (ဂ) အန္တရာဝိဒိသုတ်။

၁၇။ စရောဝတိတိုင်း (အဖြေ)
ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (တေ နု ဝါ ဣဝဏ္ဏေ၊ အတိသ စန္ဒသ-သုတ်ဆိုင်ရာတို့ကို ပါဠိရေးလေ)

၂။ (က) ဘိက္ခဝေ- ရဟန်းတို့၊ ယာဝ စ(အတိဝိယ)- အလွန်အကဲသာလျှင်၊ ဣဒ- သခ်ီရ တရားတို့၌၊ ပုရိမံ ဇာတိ (ပုရိမ+ဇာတိ)- ရှေးဘဝကို၊ သရာမိ- အောက်မေ့၏။
(ခ) မေ- ငါ၏၊ သရီရေ- ကိုယ်၌၊ ဝိသလောဟိတံ- အသားအသွေးသည်၊ အဝသုသတု- ခန်းခြောက်ပါစေ။
(ဂ) တရမာနာနံ- မြစ်ကို ကူးကုန်သော၊ ဂေါနံ- နွားတို့တွင်၊ ပုဂ်ဂေါ- ရှေ့ဆောင်နွား' လားသည်၊ ဥဇုံ- ဖြောင့်စွာ၊ ဧဝ ဂစ္ဆ တိ- အကယ်၍ သွားအုံ၊ နေတ္ထော- ရှေ့ဆောင်နွား လားသူသည်၊ ဥဇုံ- ဖြောင့်စွာ၊ ဂတော- သွားသည်၊ သတိ- ရှိလသော်၊ သဗ္ဗာ- အလုံးစုံ ကုန်သော၊ ဂါဝိ- နွားမတို့သည်၊ ဥဇုံ- ဖြောင့်စွာ၊ ယန္တိ- လိုက်သွားကြကုန်၏။
(ဃ) အနေန ဓမ္မဒါနေန- ဤမွေ့ဒါနကြောင့်၊ သာ ပဇာ- ထိုသတ္တဝါအပေါင်းသည်၊ သုခိတာ- ချမ်းသာခြင်းရှိသည်၊ ဟောတု- ဖြစ်ပါစေသတည်း။ ဣမိနာ ဗုဒ္ဓပူဇေန- ဤဘုရားကို ပူဇော်ခြင်းကြောင့်၊ အမတံ- သေခြင်းကင်းသော၊ ပဒံ- နိဗ္ဗာန်သို့၊ ပတ္တာ- ရောက်၍။

၃။ (က) သခ်ီရ-တည်၊ ဟိ-သက်၊ ရ-ခွင်း အ-ကြွင်း၊ သုဟိသွကာရော ဇ-ဖြင့် ရှေ့အ-ကို ဇ-ပြု၊ ကပ်၊ သခ်ီရေဟိ-ပြီး၏။
(ခ) ဝစ-တည်၊ ဝစ ဝိယတ္တိယံ ဝါစာယံ၊ ဓာတ်အမည်ဟည်း၊ ဓာတွန် အ-ကိုချေ၊ သမိပေဇ္ဇ တနိ-ဖြင့် ဥု-သက်၊ ဝစသေဇ္ဇတနိမှ မကာရော သြ-ဖြင့် ဝ-၏ အ-ကို သြ-ပြု၊ အကာရ ဂမော-စသောသုတ်ဖြင့် အစ၌ အ-လာ၊ ဝ, ဥု-သို့ကပ်၊ အဝေါစုံ-ပြီး၏။

http://www.dhammadownload.com

(ဂ) ဝဟ–ဓာတ်+ယ–ပစ္စည်း+တေ–ဝိဘတ်၊

၇။ အန္တ–သဒ္ဒါသည် မနုည်–စသောပြယုဂ်တို့၌ နောက်သရကြောင့် ပုထ–မဟုတ်သော သဒ္ဒါ၏ အဆုံးသရကို ဥ–ပြုရခြင်းအကျိုးရှိသည်။

ပဒမာလာ

ကမ္ဘသ္ဘာ, ကမ္ဘမ္ဘာ, ကမ္ဘာ, ကမ္ဘုနာ။

၈။ **သဗ္ဗဓာတ်, အသဗ္ဗဓာတ်အစွဲ–** (ပဲခူး/အရှေ့ ၄–တွင်ရှိ)

ရိ–ပြု သဒ္ဒါစည်းကမ်း (ရှမ်း/မြောက် ၅–တွင်ရှိ)

မ–လာရာ မ–အက္ခရာသည် ဆန်းစောင့်သင့်ရာဌာနစသည်တို့၌ နောက်သရကြောင့် လဟု–စသည်နောင် လာသည်။

တု–သဒ္ဒါဆိုရကျိုး

တု–သဒ္ဒါသည် ဘိက္ခုနီ–စသည်၌ ရှေ့သရကျေခြင်းကို တားမြစ်ရခြင်းအကျိုးရှိသည်။

၆။ (ပုဒ်စစ်, သုတ်စစ် ထင်ရှားပြီ)

၁၈။ ပထမပြန်အထူးဓမ္မာဘာင် ဓရွေးချယ်ရေးစာဓမးပွဲ

ပထမယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁၃၇၀–ခုနှစ်၊ ဝါဆိုလဆန်း (၃)ရက်၊ (၅–၇–၂၀၀၈) စနေနေ့

၁။ သန္ဓိကျမ်းလာ နိမိတ်နှစ်ပါးတို့ဖြင့် အာဂမဝိဓိကိုပြသော သုတ်,ဝုတ္တိ,မူလဥဒါဟရဏ်နှင့် အာချာတ်ကျမ်းလာ ဝိပရိတ်ပြုသော သုတ်,ဝုတ္တိ,ဥဒါဟရဏ်တို့ကို ပါဠိရေးပြပါ။

၂။ အောက်ပါတို့ကို အနက်မှန်အောင် ပေးပြပါ။

(က) ဆန္ဒဝုတိနံ ပါသဏ္ဍာနံ ဓမ္မာနံ ပဝရံ၊ ယဒိဒံ သုဂတဝိနယော။

(ခ) သံဟနာညာယ ဝါ ရော ယော။

http://www.dhammadownload.com

(၇) အန္ဓော ဒေသကဝိကလော၊ ဃတမခုတေလာနိ ဘာဇနေန ဝိနာ။
နဋ္ဌော နဋ္ဌာနိ ယထာ၊ ပယောဂဝိကလော တထာ အတ္ထော။

၃။ ဝတ္ထုရိ ကို နာမ်ရုပ်ကျင်းတွက်၍၊ ဥပချာဓိကိသရဝစနေ၊ ဟောတိသရေ ဟောဟော တို့ကို ပုဒ်ဖြတ်ပြီးလျှင်၊ ဣဇ္ဇတေ၊ ပရိကွာရော တို့ကို ဓာတ်,ပစ္စည်း ခွဲပြပါ။

၄။ 'ကာရကမဇ္ဈေပိ ပဋ္ဌမိဝိဘတ္တိ ဟောတိ'၌ ကာရကမဇ္ဈ ပဋ္ဌမိဝိဘတ္တိဖြစ်ပုံကို ပုံစံနှင့်တကွ ရှင်းပြ၍၊ 'ရိတေ သဒ္ဒမ္ပိ'၌ ဝိဘတ်, ဝိဘတ်၏အနက်, ကာရကတို့ကို အကြောင်းပြ၍ ဖြေဆိုပါ။

၅။ ဒုကွ-ပုဒ်ကိုပဋ္ဌမိ,သတ္တမီဝိဘတ်တို့ဖြင့်သာ နာမ်ဝိုဏ်းစည်၍၊ 'သဗ္ဗာသမာဝုသောပသဂ္ဂ နိပါတာဒိဟိ စ'သုတ်၌ အာဝုသော သည် နိပါတ်ပုဒ်ဖြစ်ပါလျက် သီးခြားပြဆိုရခြင်း၏ အကြောင်းကို ရူပသိဒ္ဓိဆရာအလိုကျ ဖြေဆိုပါ။

၆။ နိဂ္ဂဟိတ်၏ အဓိပ္ပါယ်နှင့် ဃနောဂဏာဒိဝိုဏ်း၏ လက္ခဏာတို့ကို ပုဒ်စစ်ကျမ်းလာအတိုင်း ဖြေဆိုပါ။

၁၈။ စာထူးဇောင် (စာဇြ)
ပထမယေါ်ဘန်း ॥ ॥ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (နိဂ္ဂဟိတဠ၊ ဟတိပရိယယော လော ဝါ သုတ်ဆိုင်ရာတို့ကို ပါဠိရေးလေ)

၂။ (က) ယဒိဒံ သုဂတဝိနယံ- အကြင်ဘုရားရှင်၏ ဝိနည်းတရားတော်သည်၊ (အတ္ထိ-ရှိ၏၊ ဣဒံ- ဤဘုရားရှင်၏ ဝိနည်းတရားတော်သည်) ဆန္ဒဝုတိနံ- ဥဒ-ပါးကုန်သော၊ ပါသဏ္ဍာနံ- ပါသဏ္ဍာမည်ကုန်သော၊ ဝမ္မာနံ- တရားတို့ထက်၊ ပဝရံ- မြတ်၏။
(ခ) သံဟနာ ဝါ-သံရှေးရှိသော ဟန-ဓာတ်မှ လည်းကောင်း၊ အညာယ ဝါ- အခြား

http://www.dhammadownload.com

သောဓာတ်မှလည်းကောင်း။ ပရေ- နောက်၌၊ ရော- ရ-ပစ္စည်းသည်၊ ဟောတိ- ဖြစ်၏၊ ဃော- ဟန-ဓာတ်၏ ဃ-အပြုသည်လည်း၊ ဝါ- အချို့၊ ဟောတိ- ဖြစ်၏။
(၇) (မန္တလေး ၂(၇) ရှ)

၃။ ဝတ္တု- တည်၊ သို့-သက်၊ တ္တ-ခွင်း၊ ဥ-ကြွင်း၊ အညေသ္ဝာရတ္တံ-ဖြင့် ဥ-ကို အာရ-ပြု။
တတော သ္ဝိမိ-ဖြင့် သို့-ကို ဣ-ပြု၊ အာရော ရဿဓိကာရေ-ဖြင့် အာရ-၏ အာ-ကို ရဿပြု၊ တ, အ-သို့ကပ်၊ ရ-ခွင်းချေကပ်၊ ဝတ္တရိ-ပြီး။
ဥပါရျာဓိကိဿရဝစနေ- ဥပ+အဓိ+အဓိက+ဣဿရဝစနေ။
ဟောတိဿရေဟောဟေ- ဟောတိ+သရော+ဟော+ဿေတ+ဇ။
ဣဇ္ဇတေ- ဣသု-ဓာတ်+ယ-ပစ္စည်း၊
ပရိဣ္ဘာရော- ပရိ-ပုဗ္ဗ ကရ-ဓာတ်+ ဏ-ပစ္စည်း။

၄။ ဣတော ပဏ္ဍသ္ဝာ မိဂံ ဝိဗ္ဗတိ လုဒ္ဒကော-၌ ဣတော-ဟူသော အပါဒါနကာရက, မိဂံ-ဟူသော ကမ္မကာရကတို့၏ အလယ် ပဏ္ဍသ္ဝာ-ဝယ် ပဋ္ဌမိဇေဝုစ် သ္ဝာ-ဝိဘတ်သက် ရသည်။
ရိတော သဒ္ဒမ္ပိ-၌ ရိတော-ဟူသော နိပါတ်ပုဒ်၏ ယှဉ်ရာဖြစ်ခြင်းကြောင့် သဒ္ဒမ္ပိ-၌ အပါဒါန အနက်၌ ဒုတိယာဝိဘတ်, အပါဒါနကာရကဖြစ်သည်။
(တစ်နည်း) ရိတော-ဟူသော သကမ္မကကြိယာတုယှဉ်ရာဖြစ်ခြင်းကြောင့် ကံအနက်၌ ဒုတိယာဝိဘတ်, ကမ္မကာရကဖြစ်သည်။

၅။ ပုံလိင်, နပုံလိင် -
ပဋ္ဌမိ- ဒုက္ခသ္ဝာ, ဒုက္ခမ္မာ, ဒုက္ခာ၊ ဒုက္ခေဟိ, ဒုက္ခေဘိ။
သတ္တမိ- ဒုက္ခသ္မိं, ဒုက္ခမ္မိ, ဒုက္ခေ၊ ဒုက္ခေသု။
ဣတ္ထိလိင် -
ပဋ္ဌမိ- ဒုက္ခာယ၊ ဒုက္ခာဟိ, ဒုက္ခာဘိ။
သတ္တမိ- ဒုက္ခာယ, ဒုက္ခာယံ၊ ဒုက္ခာသု။

http://www.dhammadownload.com

သီးခြားထပ်ဆိုရကြောင်း-

ကေဝုစ်, ဗဟုဝုစ် သရ်ာန့စ်မျိုးလုံး သုံးနိုင်သည်ကို ပြလိုသောကြောင့် သီးခြားထပ်ဆိုပါသည်။

၆။ (ပုန်စစ်ထင်ရှားပြီ)

၁။ ပထမပြန်စာဓမ္ပဲ့ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)
ပထမဝယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၆၉-စုနှစ်၊ တဝေါင်းလပြည့်ကျော်(၁၄) ရက်၊ (၄- ၄-၂၀၀၈) သောကြာနေ့

၁။ စုတိစိတ်နောက် ပဋိသန္ဓေဖြစ်ပုံပြ သင်ဟဂါထာတို့ကို ပါဠိရေးပြပါ။

၂။ ကာမဇောနောင် အပ္ပနာဇောစောပုံပြ သင်ဟဂါထာကို အနက်မှန်ကန်စွာ ယောဇနာခဲ့ပါ။

၃။ ဥဒ္ဒစ္စသဟဂုတ်စိတ်၌ ယှဉ်နိုင်သောစေတသိက်များကို ရေတွက်ပြ၍၊ အောက်ပါ (က) (ခ) (ဂ)တို့ကိုလည်း အသီးသီး ဖြေဆိုပါ။

(က) တစ်ကိုယ်တည်သော စိတ်များ။

(ခ) ဝါးနှုန်ရှ၌ ဖြစ်သောစိတ်များ။

(ဂ) နိဗ္ဗာန်ကို အနေကန်အာရုံပြုသောစိတ်များ။

၄။ "စိတ်ထောင်းကိုယ်ကြေ၊ စိတ်ပျိုကိုယ်နု" ဟူသောစကား မှန်/ မမှန် အထောက်ပြ၍ ဖြေဆိုပြီးလျှင်၊ လောကသံသရာနှစ်ဖြာ၌ အထက်တန်းကျကျ နေနိုင်ရေးအတွက် လုံ့လပြုရမည့် နည်းလမ်းလေးသွယ်ကို မြန်မာဘာသာဖြင့် ကျန်စွာ ဖြေဆိုပါ။

၅။ ဒေါ်မနုဿ၊ ဒေါ်မနုဿသဟဂတတို့၏ အမည်ပါယ်ကိုရေးပြ၍၊ အလောဘ၏ အဓိပ္ပါယ်ကို ရေးပြီး၊ ၎င်း၏ လက္ခဏာကိုလည်း ဥပမာနှင့်တကွ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

ပထမငယ်တန်း ပုဏ္ဏာ + အပြေစုံ ၁၂

၆။ လောကတွေ့ရာစိတ်၌ အာဘယ့်ကြောင့် ကိုရိယာစိတ်မရှိပါသနည်း ဦးကာကျော်လာအတိုင်း ပြေဆိုရ၏။ အဟိရိကစေတသိက်နှင့် အနောတ္တပ္ပစေတသိက်တို့၏ အထူးကိုလည်း ဦးကာကျော်လာ ဥပမာနှင့်တကွ မှတ်သားဖွယ် ပြေဆိုပါ။

၁။ ကချင်ပြည်နယ် (အစပြ)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (အာရုပ္ပစုတိယာ-စသော နှစ်ဂါထာကို ပါဠိရေးလေ။)

၂။ (တတ္ထ သောမနဿသဟဂတဇဝနာနန္တရံ-စသောပါဠိကို အနက်ရေးလေ။)

၃။ ဆန္ဒ, ဝိတိက္ကဉ်သော အညသမာန်းစေတသိက် ၁၁-ခု၊ အကုသလသာဓာရဏ စေတသိက် ၄-ခု၊ ပေါင်း ၁၅-ခု။

(က) ဒွေပဉ္စဝိညာဏ် ၁၀၊ ပဉ္စဒ္ဓါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်း ၂ ဇော ၅၅၊ ပေါင်း ၆၈။

ဆောင် - ဥသန် ငါးဖို့၊ မဟာဝိ လေး၊ လေး ဟေဝ်ပါ၊ ဒို့ မနော့ဒ့ါ၊ သောသန်ပါသည်း၊ ဟစ်ခ်ာ ဗဉ် ဗဉ်၊ သမ္ပဋိ၊ ထိုပြင် ဇောစိတ်များ။ (အသိမ္ဘောလတ်ဆောင်)

(ခ) ပဉ္စဒ္ဓါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်း ၂ (မနောဓာတ် ၃)။

ဆောင် - ငါး ဗဉ်, သမ္ပ၊

(ဂ) မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ကုသိုလ်အဘိညာဉ်၊ မနောဒ္ဓါရာဝဇ္ဇန်း၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ ကြိယာအဘိညာဉ်၊ ပေါင်း ၁၁။

၄။ စိတ်ထောင်း ကိုယ်ကြေ၊ စိတ်ပျို ကိုယ်နု-ဟူသောစကား မှန်ပါသည်။
အထောက်- ကမ္မံ, စိတ္တံ, ဥတု, အာဟာရောစေတိ စတ္တာရိ ရူပသမုဋ္ဌာနာနိ နာမ။
အာရုပ္ပဝိပါကဒ္ဓိပဉ္စဝိညာဏာဝဇ္ဇိတံ ပဉ္စသတ္တာဝိဝမ္မိ စိတ္တံ စိတ္တသမုဋ္ဌာနရူပံ ပထမဘာဝဂ်ိ မုပါဒါယ ဇာယန္တမေဝ သမုဋ္ဌာပေတိ။

http://www.dhammadownload.com

နည်းလမ်းလေးသွယ်

၁။ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ လုံ့လပြုခြင်း။

၂။ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ လုံ့လပြုခြင်း။

၃။ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ လုံ့လပြုခြင်း။

၄။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တိုးပွားစေခြင်းငှါ လုံ့လပြုခြင်း။

ဆောင် - အကုသိုလ်ကား။ ပယ်ကွာနိုင် ထားရှောင်ပယ်။ တိုးပွားရေ။ လေးလွေ သမ္ဘိ အားထုတ်အပ်။ (အဘိဓမ္မာလက်ဆောင်)

၅။ **ဒေါ်မနဿ**– မကောင်းသောစိတ်ရှိသူဖြစ်ကြောင်း **ဒေါ်မနဿဝေဒနာ**။

ဒေါ်မနဿသဟဂတ– **ဒေါ်မနဿဝေဒနာ**နှင့်တကွဖြစ်သော **စိတ်**။

အလောဘ

အဓိပ္ပါယ်– **လောဘ**၏ **ဆန့်ကျင်ဘက်**ဖြစ်သော **တရား**။

လက္ခဏာ– **အာရုံ**၌ **ငြိ**သောအားဖြင့် **မတပ်မက်**ခြင်း**လက္ခဏာ**။

ဥပမာ– **ကိုလေသာမှ** **လွတ်**သော**ရဟန္တာ**, **ရေမတင်**သော **ပိန်းကြားဖက်**နှင့်**တူ**သည်။

၆။ **မဂ်စိတ်**တစ်ကြိမ်**သာ**ဖြစ်သော**ကြောင့်** **လောကုတ္တရာစိတ်**၌ **ကြိယာ**မရှိ**ပါ**။

အတိရိက+အနောတ္တပ္ပ **အထူး**

ရှာဝက်သည် **မစင်**မှ **မစက်ဆုပ်**သ**ကဲ့**သို့ **အတိရိက**သည် **ကာယဒုစရိုက်**စသည်**မှ** **မစက်ဆုပ်**ခြင်း**လက္ခဏာ**ရှိသည်။

ပိုးပရန် (**ဖလံ**) **သည်** **မီး**မှ **မကြောက်**လန့်**သ**ကဲ့**သို့** **အနောတ္တပ္ပ**သည် **ကာယဒုစရိုက်**စသည်**မှ** **မကြောက်**လန့်ခြင်း**လက္ခဏာ**ရှိသည်။ **ဤ**သို့ **ထူး**သည်။

၂။ ပထမပြန်စာစမ်းပွဲ ကျင်းပရေးဗဟိုအမှုဆောင်

ပထမယော်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ

ခခပ(ဥ)–ခုနှစ်၊ တဖေါင်းလပြည့်ကျော်(၁၄) ရက်၊ (၄– ၄–၂၀၀၈) စသာကြာနေ့

၁။ **ကာမသုဂတိပဋိသန္ဓေ ၉–ပါး** **အကျယ်**ဖွင့်**ဆိုရာ** **စုဏ္ဏိယစကားရပ်**ကို **ကုန်**စင်**အောင်** **ပါ**ဋ္ဌေ**ရေးသား**ခဲ့**ပါ**။

http://www.dhammadownload.com

၂။ ရှင်သံသရာစက်လည်ပုံပြ သင်ဟဂါထာကို အနက်ပေးပြခဲ့ပါ။

၃။ အောက်ပါ အရတို့ကို မှန်ကန်စွာ ကောက်ပြခဲ့ပါ–
(က) အရူပစိတ် ၁၂–ပါးခွဲ ယှဉ်သောစေတသိက်၊
(ခ) နှစ်ကိစ္စအလုပ်, လုပ်သောစိတ်၊
(ဂ) ဆင်လိမ္မာ၏ သန္တာန်ခွဲပြစ်နိုင်သောဝိထိစိတ်။

၄။ သုဒ္ဓါဝါသဘုံခွဲ ပဋိသန္ဓေနေနိုင်သောပုဂ္ဂိုလ်ကို သာဓကထောက်၍ ဖြေဆိုပြီးလျှင်၊ အာကာသဓာတ်နှင့် လက္ခဏာရပ်တို့၏ ရှင်ကလာပ်ဖွဲ့စည်းရာ၌ မပါဝင်ခြင်း၏ အကြောင်းကိုလည်း ရေးခဲ့ပါ။

၅။ မင်လေးမျိုးပြားရခြင်းအကြောင်းကို ရေးပြ၍၊ ဝိတက်, စေတနာ, မနသိကာရ အထူးကိုလည်း ရေးပြခဲ့ပါ။

၆။ မင်စိတ်သည်တစ်ကြိမ်တည်းသာဖြစ်ပါလျက် အဘယ့်ကြောင့်ဇောကိစ္စတင်ရပါသနည်း? ဖြေဆို၍၊ ကာလဝိမုတ်မည်သော တရားတို့ကိုလည်း အကြောင်းနှင့်တကွ (ဦ) အလိုက်ဖြေရှင်းခဲ့ပါ။

၂။ ကယားပြည်နယ် (အဖြေ)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ ကုသလဝိပါကောပေက္ခာသဟဂတံ သန္တီရဏံ–စသော သုံးပုဒ်ကို ပါဠိရေးလေ။

၂။ ဣဒ္ဓေ စ ဝိ မတသတ္တာနံ–စသောဂါထာကို အနက်ရေးလေ။

၃။ (က) ဝိတက်, ဝိစာရ, ဝိတိ–ကြဉ် အညသမာန်းစေတသိက် ၁၀၊ ဝိရတိ, အပ္ပမညာကြဉ် သောဘနစေတသိက် ၂၀၊ ပေါင်း ၃၀။

http://www.dhammadownload.com

(ခ) မနောဒ္ဓါရာဝဇ္ဇန်းနှင့် သောမနဿသန္ဓိရဏာ။
ဆောင် – ဒ္ဓိ ဒုနောဒ္ဓါ။ သောသန္ဓိပါတည်း။ (အဘိဓမ္မာလကၢီဆောင်)
(ဂ) အကုသိုလ်စိတ် ၁၂၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၈၊ မဟာကုသိုလ်စိတ် ၈၊ ပေါင်း ၃၈။
(မှတ်ချက်– ဆင်ခြင်ရသော စိတ်အားလုံးကို ဖော်ပြသည်၊ ဆင်လိမ္မာဆိုခြင်းကြောင့် အကုသိုလ်စိတ် ၁၂–ပါးကို နှုတ်၍ ၂၅–ပါးဟုလည်း ဖြေနိုင်သည်။)

၅။ အနာဂါမ်ပုဂ္ဂိုလ်များဖြစ်သည်။
သာဓက– အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ။
မပါဝင်ကြောင်း
အာကာသဓာတ်သည် ပိုင်းခြားကြောင်းဖြစ်သောကြောင့်လည်းကောင်း, လက္ခဏာရှိသည် မှတ်ကြောင်းဖြစ်သောလည်းကောင်း ရပ်ကလာပ်ဖွဲ့စည်းရာတွင် မပါဝင်ပါ။

၅။ ဣန္ဒြေတို့ မထက်, ထက်, အထူးထက်, အလွန်အကျူး အထူးထက်ဟူသော သတ္တိလေးမျိုးပြားသည့်အတွက် သံယောဇဉ်ပယ်ပုံလေးမျိုးပြားသောကြောင့် မဂ်လေးမျိုးပြားသည်။
အထူး
ဝိတက်သည် သဟဇာတ်တရားတို့ကို အာရုံ၌ ထည့်သွင်းသကဲ့သို့ အာရုံသို့ ရှေးရှုတင်ပေးခြင်းသဘောလက္ခဏာရှိသည်၊ စေတနာသည် ကိုယ်တိုင် အာရုံကို ယူသဖြင့် ဝိတက်တင်ပေးအပ်သောတရားတို့ကို ထိုထိုအာရုံ၌ ဗိုလ်ပျူးကဲ့သို့ တိုက်တွန်းခြင်းသဘောလက္ခဏာရှိသည်၊ မနသိကာရသည် ထိုဝိတက်တင်ပေးအပ်သောတရားတို့ကို အာရုံသို့ရှေးရှုယှဉ်စေတတ်သောကြောင့် အာဇာနည်မြင်းတို့ကို ဖြောင့်အောင် ယှဉ်စေတတ်သော ရထားထိန်းကဲ့သို့ ယှဉ်စေခြင်းသဘောလက္ခဏာရှိသည်။

၆။ ဇောသဘောရှိသောကြောင့် မဂ်စိတ်သည် ဇောကိစ္စတပ်ပါသည်။
ကာလဝိမုတ်
ပျက်စီးခြင်းသဘောမရှိသည့်အတွက် အတိတ်စသော ကာလ၏ အစွမ်းဖြင့် မဆိုအပ်ကြောင့် နိဗ္ဗာန်, ပညတ်သည် ကာလဝိမုတ်မည်သည်။

http://www.dhammadownload.com

၃။ ပထမပြန်စာဓမးပွဲ ကျင်းပရေးဗဟိုအမှတ်ခွဲ (ကရင်ပြည်နယ်)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၆၉–ခုနှစ်၊ တဝေါင်းလပြည့်ကျော်(၁၄) ရက်၊ (၄– ၄– ၂၀၀၈) စသောကြာစနေ.

၁။ တစ်ဘဝ၌ တူမြဲတရား ၃–ပါး ပြဆိုသောသင်ဟဂါထာကို ပါဠိရေးသားပြပါ။

၂။ အမှန်တရား (သစ္စာ)လေးပါး တရားကိုယ်ပြဆိုသော သင်ဟဂါထာကို အနက်ယောဇနာ ခွဲပါ။

၃။ ဝိရိယနှင့်အတူတကွ မပြစ်နိုင်သောစိတ်တို့ကို သာဓကပြု၍ ရေတွက်ပြပြီးလျှင်၊ မဟာ ကုသိုလ်ပထမဈေးနှင့် အတူတကွဖြစ်သော စေတသိက်တို့ကိုလည်း တိကျစွာရေးသားပါ။

၄။ ရုပ်ဖြစ်ကြောင်းတရားလေးပါးကို မှန်ကန်စွာဖော်ပြပြီး ''ခြင်''အသက် ၇–ရက်သာရှိ သည်–ဟူသော သိပ္ပံပညာရှင်တို့၏ အဆိုကို ဗုဒ္ဓအဘိဓမ္မာအရ မှန်/မမှန် သာဓကပြု၍ ရှင်းပြပါ။

၅။ အေါ်မနသသန္ဓယ်ပဋိဃတို့၏ ထူးခြားပုံကိုရေး၍၊ ဈာန်အင်္ဂါမည်သော တရား ၅–ပါးကိုလည်း ဦးကာကျော်လာအတိုင်း ရေတွက်ပြပါ။

၆။ လောကုတ္တရာစိတ်၌ အပွမညာကြဉ်ရခြင်းအကြောင်းကို ရေး၍၊ မနောဒ္ဓါရာဝဇ္ဇန်း၏ ဇောကိစ္စမတပ်ရခြင်းအကြောင်းကိုလည်း ဦးကာကျော်နှင့်အညီ ရှင်းပြပါ။

၃။ ကရင်ပြည်နယ် (အဖြေ)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ ပဋိသန္ဓိ ဘဝင်ဥ–စသောဂါထာကို ပါဠိရေးလေ။

http://www.dhammadownload.com

၂။ ဒုက္ခ တောဘူမကံ ဝဋ္ဋ-စသောဂါထာကို အနက်ရေးလေ။

၃။ ပဌမ၏ရာဝဇ္ဇန်း၊ ဒွေပဌဝိညာဉ် ၁၀၊ သမ္ပဋိစ္ဆိန်း ၂၊ သန္တီရဏ ၃၊ ပေါင်း ၁၆။
သာဓက- ဝိရိယံ ပဌမ၏ရာဝဇ္ဇနဒ္ဝိပဌဝိညာဏသမ္ပဋိစ္ဆနသန္တီရဏဝဇ္ဇိတစိတ္တေသု။
အတူဖြစ်သောစေတသိက်
အညသမာန်း ၁၃၊ သောဘနစေတသိက် ၂၅၊ ပေါင်း ၃၈။

၄။ ကံ, စိတ်, ဥတု, အာဟာရ။
ခြင်အသက် ရ-ရက်သာရှိသည်-ဟူသော အဆို မမှန်ပါ။
သာဓက- တေသု စတုန္နံ အပါယာနံ မနုဿာနံ ဝိနိပါတိကာသုရာနဉ္စ အာယုပ္ပမာဏ ဂဏနာယ နိယမော နတ္ထိ။

၅။ ဒေါ်မနုဿသည် အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိသော ဝေဒနာကွန္ဓာ၌ အကျုံးဝင်သောတရားတစ်မျိုး။ ပဋိဃသည် ကြမ်းတမ်းခြင်းသဘောရှိသော သညီရက္ခန္ဓာ၌ အကျုံးဝင်သောတရားတစ်မျိုး၊ ဤသို့ ထူးသည်။
ဗျာနန်အဂ်ီ
ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဤငါးပါးအစိတ်အစိတ်သည် ဗျာနန်အဂ်ီမည်၏။

၆။ အပ္ပမညာတို့သည် သတ္တဝါပညတ်ကို အာရုံပြုသည်၊ လောကုတ္တရာစိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြုသည်၊ ဤသို့ အာရုံကွဲပြားသောကြောင့် လောကုတ္တရာစိတ်၌ အပ္ပမညာမယှဉ်။
ဇောကိစ္စမတပ်ကြောင်း
မနောဒ္ဓါရာဝဇ္ဇန်းသည် အာရုံ၏ အရသာကို ခံစားခြင်းသဘောမရှိသောကြောင့် ဇောကိစ္စ မတပ်ပါ။

http://www.dhammadownload.com

၄။ ပထမပြန်စာဓမ္မပဲ့ ကျင်းပရေးဗဟိုအမှုဆိုင်ရာ (ချင်းပြည်နယ်)
ပထမဝယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၆၉–စုနှစ်၊ တဇေပါင်းလပြည့်ကျော်(၁၄) ရက်၊ (၄– ၄–၂၀၀၈) သောကြာနေ့

၁။ မဟာန္တာရုံဝိထိပြ သင်္ဂဟစုဏ္ဏိယပါဠိကို ပါဠိသက်သက်မျှသာ မှန်ကန်စွာ ရေးသားပြပါ။

၂။ ရုပ်သံသရာစက်လည်ပတ်ပုံပြ သင်္ဂဟ၏ထောကို အနက်မှန်မှန် ပေးပြခဲ့ပါ။

၃။ လောကုတ္တရာစိတ်အကျယ် ၄၀–ကို (က) ဇာတိဘေဒ၊ (ခ) ဝေဒနာဘေဒအားဖြင့် ရေတွက်ပြ၍၊ (ဂ) ဝိတက်စေတသိက်နှင့် ယှဉ်နိုင်ခွင့်ရှိသောစိတ်တို့ကိုလည်း သင်္ချာမျှသာ ရေးသား ဖြေဆိုပြပါ။

၄။ ကမ္မဇရုပ်များ စတင်၍ မဖြစ်ရာ အချိန်အခါကို သင်္ဂဟကျမ်းလာအတိုင်း ဖြေဆိုပြ၍၊ ကာမ–ဟူသောအမည်ဖြင့် ပြဆိုထားသော သဘောတရားတို့ကို တရားကိုယ်ကောက်ရာ၌ အဘယ်ကို ကောက်ယူရပါမည်နည်း? သင်္ဂဟဆရာအလိုကျ ဖြေဆိုပြခဲ့ပါ။

၅။ ဋီကာကျော်ကျမ်းလာ ဂန္ဌာရမ္ဘကထာ၌ ရတနတ္တယပဏာမပြ ၏ထာနှင့်အညီ အောက်ဖော်ပြပါတို့ကို ဖြေဆိုပြပါ–
(က) ဘုရားရှင်၏ ဂုဏ်တော်၊ (ခ) တရားတော်၏ ဂုဏ်တော်၊
(ဂ) သံဃာတော်၏ ဂုဏ်တော်။

၆။ သုခသဟဂတံ ကာယဝိညာဏံ၌ သုခမည်ခြင်း အကြောင်းရင်းကို ဋီကာကျော်လာ အတိုင်း အပ်ရေ၀ါဒပါကမကျန် ကုန်စင်အောင် ဖြေဆိုပြပါ။

၄။ ချင်းပြည်နယ် (အဖြေ)
ပထမဝယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ ယာဝ ဘဒ္ဒကပ္ပါ၏ ပန –စသောပါဠိကို ပါဠိရေးလေ။

http://www.dhammadownload.com

၂။ ဣာ္ဂ္ဂေ ဝ ဝ မတသတ္ဘာနံ–စသောဂါထာကို ပါဠိရေးလေ။

၃။ (က) ကုသိုလ် ၂၀၊ ဝိပါက် ၂၀၊ ပေါင်း ၄၀။
(ခ) သောမနဿ ၃၂ ဥပေက္ခာ ၈၊ ပေါင်း ၄၀။
(ဂ) ၅၅–ပါး။

၄။ စုတိစိတ်မှ ပြန်၍ရေသော် ၁၈–ချက်မြောက်သောစိတ်၏ ဒု–မှစ၍ မပြစ်တော့ပါ။
ထိုကာမလျှင် အာရုံရှိသော တဏှာကို ကောက်ရမည်၊

၅။ (က) ဝိသုဒ္ဓိကရဏာဉာဏ်၊
(ခ) သမ္မဒ္ဒဿနဝိတ်၊
(ဂ) သဒ္ဓမ္မသမ္ဘုတ်, နိရဂ်ဏ်၊

၆။ ကိုယ်စိတ်ကို ချမ်းသာစေတတ်ကြောင့်လည်းကောင်း, ကိုယ်နာစိတ်နာကို ကောင်းစွာ တူးဖြိုတတ်သောကြောင့်လည်းကောင်း ချမ်းသာသဖြင့် သည်းခံအပ်သောကြောင့်လည်း ကောင်း သုခမည်သည်၊
အပရေအလို– ခဲယဉ်းစွာပြုအပ်သော အခွင့်ပေးခြင်းရှိသောကြောင့် သုခမည်သည်။

၅။ ပထမပြန်စာဇမားပွဲ ကျင်းပစရုးဗဟိုအမှုခွဲ (စစ်ကိုင်းတိုင်း) ပထမမယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

ခုခမဥ–ခုနှစ်၊ တဝေါင်းလပြည့်ကျော် (၅) ရက်၊ (၂၆–၃–၂၀၀၈) ဗုဒ္ဓဟူးနေ့.

၁။ ကံ, စိတ်, ဥတု, အာဟာရ အာဖြင့် ရုပ်ဖြစ်ကြောင့်တရား(၄)ပါးတို့တွင် ကံ–က ရုပ်ကိုဖြစ်စေပုံပြသင်္ဂဟ စုဏ္ဏိယပါဠိကို မှန်ကန်စွာ ရေးသားပြပါ။

၂။ သမုစ္ဆေဒိုးဝိုင်း ဟောဝိပက္ခိယသင်္ဂဟ–လာ ကြိုးစားအားထုတ်မှု သမ္ပယုတ်(၄)ပါးပြ သင်္ဂဟ စုဏ္ဏိယပါဠိ အနက်ယောဇနာခွဲပါ။

http://www.dhammadownload.com

၃။ အဟိတ်စိတ်(၁၈)ပါးတို့တွင် (က) ဇောထိုက်သောစိတ်၊ (ခ) ဇောမထိုက်သော စိတ်တို့ကို သိသာရုံမျှ ခွဲခြားဖော်ပြ၍ (ဂ) ဝိရတိစေတသိက် ယှဉ်နိုင်ခွင့်ရှိသော လောကီစိတ်သရုပ် ကိုလည်း သင်္ချာမျှသာ ရေးသားဖြေဆိုပြပါ။

၄။ သြကာသ,သြကာသ,သြကာသ၊ ကာယကံ,ဝစီကံ,မနောကံ–ဟူသော စကားရပ်၌ ပါရှိ သော ဝစီကံ–မည်ရခြင်း၏ အကြောင်းရင်းကို အဘိဓမ္မတ္ထသင်္ဂဟကျမ်းနှင့်အညီ ဖြေဆိုပြ၍၊ အာယတန(၁၂)ပါးပြားရခြင်းအကြောင်းကိုလည်း မှန်ကန်စွာဖြေဆိုပြပါ။

၅။ ''အေါမနဿသတဂတံ ပဋိဃသမ္ဘယုတ္တံ''–၌ အေါမနဿ နှင့် ပဋိဃ–တို့၏ ထူးခြားဟန် ကို ဋီကာကျော်နှင့်အညီ ဖြေဆိုပြပါ။

၆။ ဝိရတိ စေတသိက်(၃)ပါးတို့တွင် အပါအဝင်ဖြစ်သော သမ္မာဝါစာ၏ အဓိပ္ပါယ်ကို ဖြေဆို ပြ၍၊ ယင်းသမ္မာဝါစာ သရုပ်ကိုလည်း ဋီကာကျော်လာအတိုင်း ထုတ်ဆောင်ရေးသားပြ ပါ။

၅။ စစ်ကိုင်းတိုင်း (အဖြေ)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ တတ္ထ ကာမာဝစရံ –စသော ပါဠိကို ပါဠိရေးလေ။

၂။ စတ္တာရော သမ္မပ္ပဓာနာ–စသောပါဠိကို အနက်ရေးလေ။

၃။ (က) ဟသိတုပ္ပါဒ်၊
(ခ) ဟသိတုပ္ပါဒ်မှကြွင်းသော အဟိတ် ၁၇။
(ဂ) ၈ ।

http://www.dhammadownload.com

၇။ ဝစီဝိညတ်ဟုဆိုအပ်သော ဝစီဒွါရ၌အဖြစ်များသောကြောင့် ဝစီကံမည်သည်။
အာယတန ၁၂-ပါးပြားကြောင်း
ဒွါရခြောက်ပါး, အာရုံခြောက်ပါးပြားခြင်းကြောင့် အာယတန ၁၂-ပါးပြားသည်။

၈။ **ဒေါ်မနဿ နှင့် ပဋိဃ အထူး** (ကရင် ၈-တွင်ရှု)

၆။ ကောင်းစွာ ပြောဆိုကြောင်းဖြစ်သောကြောင့် သမ္မာဝါစာမည်သည်။
မုသာဝါဒဝိရတိ, ပိသုဏာဝါစာဝိရတိ, ဖရုသဝါစာဝိရတိ, သမ္ဖပ္ပလာပဝိရတိ- ၄။

၆။ ပထမပြန်စာဓမ်းပွဲ ကျင်းပဓရေးဗဟိုဓာတ်ပွဲခွဲ (တနင်္သာရီတိုင်း)
ပထမဝယ်တန်း ။ ။ အာဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၆၉-ခုနှစ်၊ တဓေါင်းလပြည့်ကျော်(၁၄) ရက်၊ (၄- ၄-၂၀၀၈) သောကြာနေ့

၁။ ဒွါရဝိမုတ်ဖြစ်သော ပဋိသန္ဓေ, ဘဝင်, စုတိတို့၏ အာရုံကိုပြုသော သင်္ဂဟစကားရပ်ကို ပါဠိသက်သက် ရေးပြပါ။

၂။ သစ္စာလေးပါးကို ပြဆိုရာ သင်္ဂဟဂါထာကို မှန်ကန်စွာ အနက်ပေးပြပါ။

၃။ မနာလိုဝန်တိုမှုဖြင့် ဒေါသမျက်မာန်ပွားများသူ၌ ဖြစ်သောစိတ်တို့ကို ဖော်ပြ၍ ယင်းစိတ်၏ ဆောင်ရွက်ဖွယ်ကိစ္စနှင့် ကျက်စားရာအာရုံကိုလည်း တိကျစွာ ဖော်ပြပါ။

၄။ အောက်ပါ (က) (ခ) တို့၌ပါရှိသော သရုပ်များကို ဖော်ထုတ်ပြ၍ ပုထုဇဉ် မရှိသောဘုံနှင့် အရိယာမရှိသောဘုံတို့ကိုလည်း ခွဲခြားညွှန်ပြပါ။
(က) ဝိထိစိတ္တာနိ သတ္တော၀၊ (ခ) ဝိထိစိတ္တာနိ တိဏော၀။

၅။ ရုပ်ကလာပ်ဖွဲ့စည်းရာတွင် မပါဝင်သော ရုပ်တို့ကို အကြောင်းနှင့်တကွ ဖော်ပြ၍ အလယ်

http://www.dhammadownload.com

အရိယာခြောက်ယောက်သာ ရထိုက်သော ဣန္ဒြေကိုလည်း သင်ဟသာဓကဖြင့် ဖြေဆိုပါ။

၆။ 'ကဒါစိ သန္ဓိသန္ဓိ ဝိသုံ ဝိသုံ'၌ ကဒါစိဟူ၍သာ မဆိုမူ၍ 'ဝိသုံ ဝိသုံ'ဟူသောပါဠိကို အနုရုဒ္ဓါဆရာ ထပ်မံပိန့်ဆိုရပါသနည်း ဋီကာအကြောင်းသွင်း၍ ရှင်းလင်းဖြေဆိုပါ။

၆။ တနသီးရိတိုင်း (အဖြေ)

ပထမယ်တန်း ။ ။ အဘိဓမ္မတ္ထသင်ဟဘာသာ

၁။ ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိ–စသော ပါဠိကို ပါဠိရေးလေ။

၂။ ဒုက္ခံ တောဘူမကံ– စသောဂါထာကို အနက်ရေးလေ။

၃။ အေါသမ္ဘဝေ။
ကိစ္စ– ဇောကိစ္စ၊
အာရုံ– လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊

၄။ (က) ပဉ္စဒ္ဓါရာဝဇ္ဇန်း၊ ပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ–အားဖြင့် ၇–ပါး။
(ခ) မနောဒ္ဓါရာဝဇ္ဇန်း၊ ဇော၊ တဒါရုံ–အားဖြင့် ၃–ပါး။
ပုထုဇဉ်မရှိဘုံ
သုဒ္ဓါဝါသ ငါးဘုံ၊
အရိယာမရှိဘုံ
အပါယ်လေးဘုံ၊ အသညသတ်ဘုံ။

၅။ ကလာပ်တွင် မပါဝင်သောရူပ်နှင့် အကြောင်း (ကယား ၄–တွင်ရှု)

http://www.dhammadownload.com

အလယ်အရိယာတ္ကုန္ဒြေ- အညိန္ဒြေ။
သာဓက- မဇ္ဈေ ဆ ဉာဏာနိ အညိန္ဒြိယာနိတိ ပဝုစ္စန္တိ။

၆။ ဝိတိက္ကမိတမ္ဘဝတ္ထုဟုဆိုအပ်ကုန်သော မိမိအာရုံတို့၏ ဖြစ်သင့်ခြင်းကို ငဲ့ခြင်းကြောင့် ဝိသုံ ဝိသုံ-ဟု ထပ်မံဆိုသည်။

၇။ ပထမပြန်စာဓမေးပွဲ ကျင်းပဓရေးဗဟိုအပ္ပဲခွဲ (ပဲခူးတိုင်း/အဓနောက်ပိုင်း)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
ခဝ၆၉-ခုနှစ်၊ တပေါင်းလဆုတ်(၅) ရက်၊ (၂၆-၃-၂၀၀) ဗုဒ္ဓဟူးနေ့

၁။ နိရောဓ သမာပတ္တိဝိထိ၌ ဇော-ဖြစ်ပုံကို ပြဆိုသော သင်ဟတစုဏ္ဏိယပါဠိနှင့် တဖန်ဘဝ သစ်၌ စတုသမုဋ္ဌာနိက ရူပ်ဖြစ်ပုံ သင်ဟဂါထာတို့ကိုလည်း မှားအောင်ရေးခဲ့ပါ။

၂။ သုဒ္ဓါဝါသဘုံသား ဗြဟ္မာကြီးတို့၏ သက်တမ်းကို ပြဆိုသော သင်ဟပါဠိကို အနက်ပေးခဲ့ပါ။

၃။ အောက်ပါ သရုပ်တို့ကို ဖော်ထုတ်ရေတွက်ပြခဲ့ပါ။
(က) ပကိဏ္ဏးစေတသိက် (၆)ပါးလုံးနှင့် ယှဉ်သောစိတ်များ၊
(ခ) ခပ်သိမ်းဥဿုံ အလုံးစုံကို အာရုံပြုသောစိတ်များ။

၄။ စိတ်တစ်ပါး၌သာ ယှဉ်သော စေတသိက်၏ အမည်ကိုမှားအောင် ရေးပြပြီး၊ မေးခွန်းလွှာကို လက်ဖြင့်ခံယူ ထိတွေ့လိုက်ရစဉ် သင်၏သန္တာန်၌ ဖြစ်ပေါ်လာသော ပဋ္ဌာန်ရဝိထိ အစဉ်ကိုလည်း မှန်အောင် ရေတွက်ပြခဲ့ပါ။

၅။ သမ္ပယုတ္တဓမ္မာနိုးတွေသည် အဘယ့်ကြောင့် ဥပေက္ခာဝေဒနာတစ်မျိုးတည်းဖြစ်ရသည်ကို ဦးကာ ဆရာအလိုကျ ဖြေပြခဲ့ပါ။

http://www.dhammadownload.com

၆။ ဆန္ဒနှင့် လောဘ အထူးကိုပြေဆိုပြီ။ ဗြဟ္မာကြီးတို့သန္တာန်၌ စက္ခုဝတ္ထု, သောတဝတ္ထု နှစ်ပါးရခြင်းအကြောင်းကိုလည်း ပြေဆိုခဲ့ပါ။

၇။ ပဲခူးတိုင်း/ အခေနာက်ပိုင်း (အခေြ)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ နိရောဃသမာပတ္တိကာလေ ဒွိက္ခတ္တုံ စတုတ္ထာရုပ္ပဇဝနံ ဇဝတိ၊ တတော ပရံ နိရောဓံ ဝုသတိ၊ ဝုဋ္ဌာနကာလေ စ အနာဂါမိဖလံ ဝါ အရဟတ္တဖလံ ဝါ ယထာရဟမေကဝါရံ ဥပ္ပဇ္ဇိတ္တာ နိရုဇ္ဈေ ဘဝင်ပါတောဝ ဟောတိ။
ဣဒ္ဓေ့ဝံ မတသတ္တာနံ၊ ပုနဒေဝ ဘဝန္တရေ၊ ပဋိသန္ဓိမုပါဒါယ၊ တထာ ရူပံ ပဝတ္တတိ။

၂။ အဝိဟာနံ ကပ္ပသသာနိ-စသော ဝါးပုဒ်ကို အနက်ရေးလေ။

၃။ (က) လောဘမူသောမနဿ ၄-ပါး။
ကာမာဝစရသောဘန သောမနဿ ၂၄-ပါး။
ပထမဈာန် ၁၁-ပါး။
(ခ) မနောဒ္ဓါရာဝဇ္ဇန်။ မဟာကြိယာ ဉာဏသမ္ပယုတ် ၄၊ ကြိယာအဘိညာဉ်။

၄။ ဝိစိကိစ္ဆာစေတသိက်ဖြစ်သည်။
ဝိထိစိတ်အစဉ်
တိ၊ နု၊ ဒါ၊ ပ၊ ကာ၊ သ်နိ၊ ဏာ၊ ဝု၊ ဇ ဇ ဇ ဇ ဇ ဇ ဇ ဇ ၊ ရုံ ရုံ။
ပဋ္ဌာန်ရာဝဇ္ဇန်။ သုခသဟဂုတ် ကာယဝိညာဉ်၊ ကုသလဝိပါက် သမ္ပဋိစ္ဆန်။ ကုသလဝိပါက် ဥပေက္ခာ သန္တီရဏာ ဝုဋ္ဌော၊ မဟာကုသိုလ်ဇော ၇-ကြိမ်၊ ကုသလဝိပါက် ဥပေက္ခာတာဒါရုံ၊

၅။ သမ္ပဋိစ္ဆိန်းဒွေးသည် ဗိုရာတူစိတ်မှ အနုန္တရပစ္စည်းကို မရသည့်အတွက် သဘောတူ ယောက်ျားဏ၏ အထောက်အပံ့ကင်းသော ယောက်ျားကဲ့သို့ အလွန်အားမရှိသည်ဖြစ်၍ အလုံးစုံသော အခြင်းအရာအားဖြင့် အာရုံ၏အရသာကို ခံစားခြင်းငှါ မစွမ်းနိုင်သော ကြောင့် ဥပေက္ခာဝေဒနာတစ်မျိုးတည်းဖြစ်ရသည်။

http://www.dhammadownload.com

၆။ ဆန္ဒသည် စိတ်၏ အာရုံပြုလိုကာမတ္တာသဘောရှိသည်၊ လောဘသည် အလွန်တပ်မက်ခြင်းသဘောရှိသည်။ ဤသို့ ထူးသည်။

စက္ခု၊ သောတ ၂-ပါးရကြောင်း-

ဘုရားဖူး, တရားနာခြင်း အစရှိသော အကျိုးငှါ စက္ခု,သောတပသာဒတို့၌ တပ်မက်မှု မကင်းသေးသောကြောင့် စက္ခု,သောတ နှစ်ပါးရသည်။

၈။ ပထမပြန်ဓာဝေးပွဲ ကျင်းပရေးဗဟိုအမှုဆောင်ရုံ (ပဲခူးတိုင်း/အရှေ့ပိုင်း)

ပထမဝယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာဘာသာ

၁၃ပဉ္စ-စုနှစ်၊ တဝေါင်းလပြည့်ဓကျာ် (၅) ရက်၊ (၂၈-၃-၂၀၀၈) ဗုဒ္ဓဟူးနေ့

၁။ သတ္တဝါများ သေဆုံးချိန်းကာလ၌ ဖြစ်ပေါ်နေသော စိတ်အစဉ်ကို ပြဆိုသည့် သင်္ဂဟပါဠိနှင့် ရှင်ကို ဖြစ်စေနိုင်သောစိတ်များ၏ ရှင်မှတစ်ပါး အခြားဖြစ်စေနိုင်သော အကြောင်းအရာ သတ္တိထူးကို ပြဆိုသည့် သင်္ဂဟပါဠိတို့ကို မှန်ကန်စွာရေးပြပါ။

၂။ ဝိထိမုတ်ပိုင်းလာ မဟဂ္ဂတ်ကုသိုလ်ကံ၏ အကျိုးပေးပုံပြ သင်္ဂဟပါဠိနှင့်၊ ရုပ်ပိုင်းလာ နိဗ္ဗာန်၏ ဂုဏ်ရည်များကို အကျဉ်းချုပ်ပြဆိုသည့် သင်္ဂဟပါဠိတို့ကို အနက်မှန်မှန် သမ္မန်ပြပါ။

၃။ 'ဝိသေသက' အမည်ရသော စေတသိက်တို့ကို တိကျစွာဖော်ပြ၍၊ အောက်ပါစိတ်တို့ကိုလည်း မှန်ကန်စွာ ပြေဆိုပါ။

(က) "မဇ္ဈိမ" အမည်ရသောစိတ်၊

(ခ) "ပရိတ္တ"အမည်ရသောစိတ်၊

(ဂ) " မနောဓာတ်"အမည်ရသောစိတ်။

၄။ သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါသဇောနောင် (က) ဖြစ်သင့်သောစိတ်၊ (ခ) ထိုစိတ်၏ အမည်၊ (ဂ) ထိုစိတ်၏ ဖြစ်ရာအခါတို့ကို တိကျစွာဖော်ပြ၍၊ သဗ္ဗဥ

http://www.dhammadownload.com

ပနေတံ ရှုပံ သပ္ပဋိဘယံ–အရတွင် လက္ခဏာရပ်(၄)ပါး ပါဝင်သင့်/ မပါဝင်သင့်ကိုလည်း သင်္ဂဟသာဓက ကိုးကား၍ ဆုံးဖြတ်ချက်ချခဲ့ပါ။

၅။ စိတ် နှင့် စေတသိက်တို့၏အထူးကို ပြေဆိုရ၍ မောဟမူစိတ်တို့၌ သဒ္ဓါရအပြားမရှိရခြင်း၏ အကြောင်းကိုလည်း ဋီကာလာသည့်အတိုင်း ရေးပြပါ။

၆။ သညာ, ဝိညာဏ်, ပညာ–တို့၏ သိပုံထူးခြားဟန်ကို ဋီကာကျော်လာသည့်အတိုင်း အသီးသီး ပြေဆိုပါ။

၈။ ပဲခူးတိုင်း/အဇရှုပိုင်း (အဖြေ)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာသာ

၁။ တတော တမေဝ–စသော ပါဠိကို ရေးလေ။
တတ္ထ အပ္ပနာဇဝနံ–စသော သုံးပုဒ်ကို ရေးလေ။

၂။ ဣတ္ထံ မဟဂ္ဂတံ–စသော သင်္ဂဟဂါထာနှင့် ပဒမစ္ဆရိယတမစ္ဆရိယံ–စသောဂါထာတို့ကို အနက် ရေးလေ။

၃။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ကရုဏာ, မုဒိတာ, ဉာဏ်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ– ပေါင်း ၁၀။
ဆောင်– ထက်, စာ, ပီ, သု၊ ထရု, မု–ဝါ။ ဉာဏ်, ဝိရတိ၊ ပေါင်းဘီ ဆယ်ဖြာ။
ကောဏ္ဍတ်, မဟဂ်၊ ထစ်ချက် ကာမာ။ အထူးပြု၊ ခေါ်ရှု ဝိသေသာ။ (အဘိဓမ္မာလက်ဆောင်)
(က) မဟဂ္ဂတ်စိတ်၊
(ခ) ကာမာဝစရသောဘာနစိတ်၊
(ဂ) ပဌမ္ဈာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်း ၂၊

http://www.dhammadownload.com

၇။ (က) ဥပေက္ခာသန္ဓိရဏစိတ်၊
(ခ) အာဂန္တုကာဘဝင်၊
(ဂ) တဒါရုံမဖြစ်ရာအခါ၊
သပ္ပစ္စယ–အရ
လက္ခဏာရုပ်လေးပါး မပါဝင်သင့်ပါ။
သာဓက– လက္ခဏာရူပါနိ နာ ကုတောစိ ဇာယန္တိ။

၈။ **စိတ်– ဝိညာဏာက္ခန္ဓာ။**
စေတသိက်– ဝေဒနာ စသောခန္ဓာသုံးပါး။
(တစ်နည်း) စိတ်သည် အရှေ့သောစေတသိက်နှင့်ကင်းရှိလည်း အာရုံကို ယူနိုင်သည်။
စေတသိက်သည် စိတ်နှင့်ကင်းရှိ အာရုံကို မယူနိုင်။
(တစ်နည်း) စိတ်သည် ဗိုရာနိသယ။
စေတသိက်သည် ဗိုတတ်သော နိသိတ။
သခီါရအပြားမရှိကြောင်း
ထက်ဝန်းကျင် ရှေ့ရှားခြင်း, ပျံ့လွင့်ခြင်းရှိသည့်အတွက် သဘောအားဖြင့် ထက်သည်၏ အဖြစ်, အားတက်စေထိုက်သည်၏အဖြစ်မရှိသောကြောင့် မောဟဒွေးဌ် သခီါရအပြား မရှိပါ။

၆။ **သညာ– သူငယ်သည် အသပြာကို အညို,အရှေ–စသောအရောင်ကိုသာ သိသကဲ့သို့ အညို, အရှေ–စသည်တို့၏ စွမ်းအားဖြင့် အမှတ်ပြု၍ သိခြင်းမျှကိုသာ သိနိုင်၏၊ အနိစ္စ–စသောလက္ခဏာကို ထိုးထွင်း၍ သိခြင်းငှါ မစွမ်းနိုင်။**
ဝိညာဏ်– ရှာသားသည် အညို,အရှေ–စသည်တို့ကိုလည်း သိ၏၊ အသပြာဟူ၍လည်း သိ၏၊ တန်ဖိုးကိုကား မသိသကဲ့သို့ ဝိညာဏ်သည် အနိစ္စ–စသောလက္ခဏာကို ထိုးထွင်း၍ သိနိုင်၏၊ ဝိပဿနာတင်၍ မဂ်သို့ ရောက်စေခြင်းငှါ မစွမ်းနိုင်။
ပညာ– ရှေ့ပန်းတိမ်သည်သည် အရောင်အဆင်း, ရှေ့အဖြစ်, တန်ဘိုး ၃–မျိုးလုံးကို သိသကဲ့သို့ ပညာသည် အညိုရောင်–စသည်ကို အမှတ်ပြု၍ သိခြင်း, လက္ခဏာ

http://www.dhammadownload.com

ကို ထိုးထွင်း၍ သိခြင်း, ဝိပဿနာတင်၍ မင်သို့ ရောက်စေခြင်း ၃-မျိုးလုံးကို သိနိုင်သည်။ ဤသို့ ထူးသည် ။

၉။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအပ်ဌာန (မကွေးတိုင်း) ပထမယော်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၆၉-ခုနှစ်၊ တဝေါင်းလပြည့်ကျော် (၅) ရက်၊ (၂၆-၃-၂၀၀၈) ဗုဒ္ဓဟူးနေ့

၁။ ကံ, စိတ်, ဥတု, အာဟာရကြောင့် ဖြစ်သောရူပ်နှင့် မဖြစ်သောရူပ်တို့ကို ပြဆိုသည့် သင်ဟာဂါထာတို့ကို ပါဠိရေးခဲ့ပါ။

၂။ စက္ခုဒ္ဒါရ (မျက်စိတံခါးပေါက်)၌ ဖြစ်နိုင်သောစိတ်တို့ကို ပြဆိုသည့် သင်ဟာစုဏ္ဏိယပါဠိကို အနက်ပေးခဲ့ပါ။

၃။ ဆက်ဆံရေး သာဓာရဏ အမည်ရသော စေတသိက်တို့ကို သင်္ချာမျှ ဖော်ပြ၍ (က) လောဘမူစိတ်၌ ယှဉ်နိုင်သော စေတသိက်၊ (ခ) ဒေါသမူစိတ်၌ ယှဉ်နိုင်သော စေတသိက်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

၄။ တစ်ကြိမ်သာစောသော ဇောတို့ကို ဖော်ပြ၍ ကာမဘုံသား သတ္တဝါများ ပဋိသန္ဓေအခါ မရနိုင်သော ရူပ်တို့ကိုလည်း ရေတွက်ပြပါ။

၅။ အဟိတ်စိတ်ချင်း အတူတူဖြစ်ပါလျက် အကုသလဝိပါက် သန္တီရဏစိတ်ကို တစ်ပါးသာ ဆို၍ ကုသလဝိပါက်သန္တီရဏစိတ်ကို အဘယ့်ကြောင့် နှစ်ပါးဆိုရပါသနည်း ဦးကာလာ အတိုင်း ဖြေဆိုပါ။

၆။ မင်စိတ်သည် တစ်ကြိမ်သာ ဖြစ်ပါလျက် အဘယ့်ကြောင့် ဇောကိစ္စ တပ်ရပါသနည်း အကြောင်းသွင်းကာ ဖြေဆိုပါ။

http://www.dhammadownload.com

၉။ မဇကွေးတိုင်း (အခေြ)

ပထမဝယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (အဌာရသ ပန္နရသ-စသောဂါထာနှင့် ဇာယမာနာဒိရှုပါနိ-စသောဂါထာတို့ကို ပါဠိရေးလေ)

၂။ (တတ္ထ ပဌမ္ဘိရာဝဇ္ဇန-ပ- စက္ခုဒ္ဒိရေ ယထာရဟံ ဥပ္ပဇ္ဇန္တိ-ကို အနက်ရေးလေ)

၃။ သဗ္ဗစိတ္တသာဓာရဏာ ဂု၊
သဗ္ဗကုသလသာဓာရဏာ ၄၊
သောဘနသာဓာရဏာ ၁၉၊
(က) အညသမာန်း ၁၃၊ မောစတုက် ၄၊ လောဘြို ၃၊ ထိနမိဒ္ဓ- ပေါင်း ၂၂။
(ခ) ဝိတိကြဉ် အညသမာန်း ၁၂ မောစတုက် ၄၊ ဒေါစတုက် ၄၊ ထိနမိဒ္ဓ- ပေါင်း ၂၂၊

၄။ မဂ်ဇော၊ အဘိညာဉ်ဇော၊ အာဒိကဗ္ဘိကပုဂ္ဂိုလ်၏ ပထမကပ္ပနာအခါ မဟဂ္ဂတ်ဇော၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဝိုလ်, အရဟတ္တဖိုလ်ဇော၊
ပဋိသန္ဓေမရသောရูပ်များ
သဒ္ဒ၊ ဝိကာရ ၅၊ ဇရတာ၊ အနိစ္စတာ: ပေါင်း ၈-ပါး။
ဆောင်- ဝိဏာ ငါးပ၊ သဒ္ဒ,ဇော၊ အနိစ္စ။ မရ သဒ္ဒေါ။ (အဘိဓမ္မာလင်္ကာဆောင်)

၅။ အနိဋ္ဌာရုံ၌ ပြစ်ထိုက်သော ဒေါမနဿသည် ပဋိဃနှင့်ကင်းရှင်းမပြစ်သောကြောင့်လည်းကောင်း, အကုသိုလ်ကေန်ပြစ်သောပဋိဃသည် အဗျာကတတို့၌ မပြစ်သင့်သောကြောင့်လည်းကောင်း မိမိဟူသော ဒေါမနဿနှင့် တူသောယှဉ်ခြင်းရှိခဲ့သောဒေါသ မပြစ်သင့်သောကြောင့် အကုသလဝိပါက်တို့၌ ဒေါမနဿမပြစ်သင့်၊ ထို့ကြောင့် အကုသလဝိပါက်သန္ဓိရဏာ၏ ဒေါမနဿသတဂုတ်အပြစ်ကို မြတ်စွာဘုရား မဟောကြားအပ်။
(တစ်နည်း) အားကောင်းသော ယောက်ျား၏ ထောင်းထုမှုကိုခံရသော အားနည်းသော ယောက်ျားသည် ပြန်လှန်ပုတ်ခတ်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ လျစ်လျူရှုရသကဲ့သို့

http://www.dhammadownload.com

အကုသလဝိပါက်သည် ထက်ဝန်းကျင်အားနည်းသောကြောင့် အနိဋ္ဌာရုံ၌ ဒေါ်မနဿ ဖြစ်ခြင်းမရှိ၊ ထို့ကြောင့် အကုသလဝိပါက် သန္တိရဏကို ဥပေက္ခာသဟဂုတ်တစ်မျိုးသာ ဆိုရသည်။

ဣဋ္ဌာရုံ၌ သောမနဿသဟဂုတ်, ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာသဟဂုတ်ဖြစ်သင့်သော ကြောင့် ကုသလဝိပါက် သန္တိရဏကို နှစ်ပါးဆိုရသည်။

၆။ **မဂ်စိတ်ဇောကိစ္စတပ်ရှုခြင်း** (ကယား ၆–တွင်ရှု)

၁၀။ ပထမပြန်စာဓမးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာဘာသာ
၁၃၆၉–ခုနှစ်၊ တဇပါင်းလပြည့်ကျော် (၅) ရက်၊ (၂၆–၃–၂၀၀၇) ဗုဒ္ဓဟူးနေ့

၁။ တအိရမ္ဘဏနိယမလာ "ဝိပါက်အမှန် ဇောအပြန်"ဖြစ်ပုံပြ သင်ဟပါဠိတို့ကို ကုန်စင်အောင် ရေးခဲ့ပါ။

၂။ ကလာပ်ဖွဲ့စည်းရာတွင် မပါဝင်သော ရူပ်တို့ကိုပြဆိုသည့် သင်ဟဂါထာကို အနက်ပေးခဲ့ပါ။

၃။ ကာမစိတ် ၅၄–ပါးသရုပ်ကို ဝိထိစဉ်အရ ရေတွက်ပြ၍၊ သောတာပန်ပုဂ္ဂိုလ်၏သန္တာန်၌ ရနိုင်သော လောကုတ္တရာစိတ်ကိုလည်း သင်ဟပါဠိထောက်ကာ ကောက်ပြခဲ့ပါ။

၄။ လိမ်ညာစကား ပြောကြားခြင်း၏ အခြေခံမူလအကြောင်းတရားများကို ဖော်ပြ၍၊ "သမာဓိ စတု ပဠ ပညာ"၌ ပဠ–သရုပ်ကိုလည်း မှန်ကန်စွာ ထုတ်ပြခဲ့ပါ။

၅။ အကုသိုလ်မည်ပုံကို ဋီကာကျော်လာသည့်အတိုင်း ဥပမာနှင့်တကွ ရေး၍၊ "နေဝသညာ နာသညာယတန"၌ သညာနှစ်ခုတို့၏ ထူးခြားဟန်ကိုလည်း ရေးခဲ့ပါ။

http://www.dhammadownload.com

၆။ အပ္ပမညာစေတသိက်တို့၏ မဟဂ္ဂတ် ပဌမရှာန်စိတ်၌ မယှဉ်နိုင်ခြင်းအကြောင်းကို ဖော်ပြ၍၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်သည် လောကုတ္တရာကို အာရုံပြုနိုင်ပါသလော? အကြောင်းပြ ဖြေဆိုခဲ့ပါ။

၁၀။ မဇ္ဈလေးတိုင်း (အစဖြ)
ပထမယော်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (သဗ္ဗတ္ထာပိ ပနေတ္ထ အနိဗ္ဗေ- စသောသုံးပိုဒ်ကို ပါဠိရေးလေ။)

၂။ (ကလာပါနံ ပရိစ္ဆေဒ-စသောဂါထာကို အနက်ရေးလေ။)

၃။ ပဌမ္ပိရာဝဇ္ဇန်း၊ ဒွေပဌဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌော၊ ကာမဇော ၂၉၊ တဒါရုံ မဟာဝိပါက် ၈၊ ပေါင်း ၅၄။
သောတာပန်၌ လောကုတ္တရာစိတ်
သောတာပတ္တိဖိုလ်စိတ်
အထောက်- လောကုတ္တရဇဝနာနိ ပနေတ္ထ ယထာရတံ အရိယာနမေဝ သမ္ပဗ္ဗန္တိ။

၄။ လောဘ, ဒေါသမူလ ၂-ပါ။
ပဌ-သရုပ်
ဝိမံသိန္ဒြေပါဒ်, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိမဂ္ဂင်အားပြင့် ၅။

၅။ ဝိတ်ဆွေ၏ ဆန့်ကျင်ဘက်ရန်သူသည် အဝိတ္တ-မည်သကဲ့သို့ ကုသိုလ်၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အကုသိုလ်မည်သည်။
သညာ နှစ်ရအထူး
နေဝသညာ၌ ကြမ်းတမ်းသော သညာ၊
နာသညာ၌ သိမ်မွေ့သော သညာ၊

http://www.dhammadownload.com

၆။ အပ္ပနာသို့ ရောက်ကုန်သောအပ္ပမညာတို့သည် သောမနဿနှင့် ကင်းရ၍ တစ်ရံတစ်ခါမျှ မဖြစ်သောကြောင့် အပ္ပမညာတို့ မဟာဂျုတ်ပဋ္ဌမဈာန်စိတ်၌ မယှဉ်နိုင်ပါ။

ဉာဏဝိပ္ပယုတ်နှင့် လောကုတ္တရာ

ဝိမိထိုးမှိုင်းသောကြောင့် မဟာကြိယာဉာဏဝိပ္ပယုတ်စိတ်သည် လောကုတ္တရာကို အာရုံ မပြုနိုင်ပါ။

၁၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်) ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၆၉–ခုနှစ်၊ တဇပါင်းလပြည့်ကျော် (၁၄) ရက်၊ (၄– ၄–၂၀၀၈) သောကြာနေ့

၁။ ရှမ် ၄–ပါးတို့ ရှေးဦးစွာ ဖြစ်ပုံပြု စုဏ္ဏိယပါဠိကို တိကျစွာ ရေးသားပြပါ။

၂။ ကိလေသာအဖြစ်များသောသူများ၌ မရနိုင်သော ဣန္ဒြေ ၃–ပါး တရားကိုယ်ပြ ပါဠိတို့ကို မှန်ကန်စွာ အနက်ပေးပြပါ။

၃။ သူတစ်ပါး မတိုက်တွန်းရဘဲ ဝမ်းမြောက်စွာ ပေးကမ်းရာ၌ ဖြစ်သင့်သောစိတ်ကို ဖော်ပြ၍၊ ၎င်းစိတ်၏ အာရုံ, ဝတ္ထုတို့ကိုလည်း ညွှန်ပြခဲ့ပါ။

၄။ နိရောဓသမာပတ် ဝင်စားခါနီး ရှေ့အာဘိဓ္ဓ ဖြစ်သောဇောတို့ကို ပုဂ္ဂိုလ်အလိုက်ထုတ်ပြပြီး၊ ၃၁–ဘုံတွင် စိတ်ကိုလုံးဝ လက်မခံသော ဘုံနှင့် သတ္တဝါကို သင်္ဂဟထောက်၍ ဖြေဆိုပါ။

၅။ ကိုယ်ကျင့်တရားကောင်းသူ၌ ဖြစ်သောစိတ်ကို သင်္ဂဟပါဠိထောက်၍ ဖော်ပြပြီး၊ ၎င်း သတ္တဝါသေသော် နတ်ပြည်ရောက်နိုင်/ မရောက်နိုင် လိုရင်းသင်္ဂဟပါဠိထောက်၍ ဆုံးဖြတ်ပြပါ။

၆။ ဖဿ–စသောတရားတို့ကို ဈာန်အင်္ဂါဟု မဆိုဘဲ ဝိတက်စသည်ကိုသာ ဈာန်အင်္ဂါဟု

http://www.dhammadownload.com

ဆိုရခြင်းအကြောင်းကို ရေးသားပြီ။ ဝိတက်နှင့် ယှဉ်သောစိတ်များတွင် ဒွေပဋ္ဌဝိညာဏ် ၁၀–ပါး မပါဝင်ရခြင်းအကြောင်းကိုလည်း ဦးကာအလိုကျအောင် တင်ပြပါ။

၁၁။ မွန်ပြည်နယ် (အဓေ)

ပထမငယ်တန်း ॥ ॥ အဘိဓမ္မတ္ထသင်္ဂဟာသာ

၁။ (ဣဒ္ဓေဝံ ပဒ္ဒိသန္ဓိမုပါဒါယ–စသော ပါဠိကို ရေးလေ)

၂။ (ဣဒ္ဓါနိ ယေသု ပနေတ္ထ–စသော ပါဠိကို အနက်ရေးလေ)

၃။ မဟာကုသိုလ် ပထမစိတ်နှင့် တတိယစိတ်၊

အာရုံ, ဝတ္ထု

ပထမစိတ်သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော အလုံးစုံအာရုံ။

တတိယစိတ်သည် လောကုတ္တရာကြဉ် အလုံးစုံအာရုံ။

ယင်းနှစ်ပါးလုံးသည် ဟဒယဝတ္ထုကို ရံခါမှီ ရံခါမမှီ။

၄။ အနာဂါမ်ပုဂ္ဂိုလ်အား နေဝသညာနာသညာယတန ကုသိုလ်ဈာန်ဇော၊

ရဟန္တာပုဂ္ဂိုလ်အား နေဝသညာနာသညာယတန ကြိယာဈာန်ဇော၊

ဘုံနှင့် သတ္တဝါ

အသညသတ်ဘုံနှင့် အသညသတ်ဗြဟ္မာ။

အထောက်– အသညသတ္တာနံ ပန သဗ္ဗတ္ထာပိ စိတ္တပ္ပဝတ္တိ နတ္ထေဝါတိ။

၅။ မဟာကုသိုလ်စိတ်ဖြစ်သည်။

အထောက်– ကာမာဝစရကုသလဖို့ ကာယဒ္ဒါရေ ပဝတ္တံ ကာယကမ္မံ, ဝစီဒ္ဒါရေ ပဝတ္တံ ဝစီကမ္မံ, မနောဒ္ဒါရေ ပဝတ္တံ မနောကမ္မဥ္စေတိ ကမ္မဒ္ဒါရဝသေန တိဝိဓံ ဟောတိ။

ဝါးသတ္တဝါနှင့် နတ်ပြည်– ဝါးသတ္တဝါသည် နတ်ပြည်ရောက်နိုင်ပါသည်၊

အထောက်– ကာမေသွေဝ ပနေတရာ၊

http://www.dhammadownload.com

၆။ ကပ်ရှ်ရှခြင်း ကိစ္စရှိသောကြောင့်လည်းကောင်း, ကာမ–စသည်တို့၏ ဆန္ဒကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း ဝိတက်–စသည်ကိုသာ ဈာန်အင်္ဂါဟု ဆိုရသည်။

ဒွေပဋ္ဌဝိညာဉ်မပါဝင်ကြောင်း

သဘောအားဖြင့် ဝိတက်ကင်းသောကြောင့် ဒွေပဋ္ဌဝိညာဉ် ၁၀–ပါး မပါဝင်ရပါ။

၁၂။ ပထမပြန်စာဓမးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်း) ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာသာသာ

၁၃၆၉–ခုနှစ်၊ တဖေါင်းလပြည့်ကျော် (၅)ရက်၊ (၂၆–၃–၂၀၀၈) ဗုဒ္ဓဟူးနေ့

၁။ ရှပ် (၂၈)ပါးကို ဇကကနည်းအားဖြင့် ပြဆိုသော သင်္ဂဟပါဠိကို ပါဠိရေးပြပါ။

၂။ ပရနိမ္မိတဝသဝတ္တီနတ်၏ အသက်တမ်းကို လူ့အရေအတွက်အားဖြင့် ဖော်ပြသော သင်္ဂဟဂါထာကို အနက်ပေးပြပါ။

၃။ မနောဓာတ်အမည်ရသောစိတ်တို့ကို သင်္ဂဟသာဓကဖြင့် ဖော်ပြပြီးလျှင်၊ ၎င်းစိတ်တို့နှင့် ယှဉ်ဖော် ယှဉ်ဖက် သမ္ပယုတ္တဓမ္မများကိုလည်း ဖော်ပြခဲ့ပါ။

၄။ နိပ္ပန္နရှပ်(၁၈)ပါးတို့၏ အခြားနာမည်များကို သင်္ဂဟသာဓကဖြင့် ဖော်ပြပြီး၊ ဒ္ဒါသတ္တတိ–ဝိဓာ ဝုတ္တာ၊ ဝတ္ထုဓမ္မာ သလက္ခဏာ–ပါဠိ၌ ဒ္ဒါသတ္တတိ–အရကိုလည်း ကောက်ပြခဲ့ပါ။

၅။ အောက်ပါတို့ကို ဋီကာဆရာအလိုကျ ဖြေဆိုပါ။

(က) လောကုတ္တရာစိတ်၌ အဘယ်ကြောင့် ကြီယာစိတ် မရှိရပါသနည်း ?၊

(ခ) လောကုတ္တရာစိတ်သင်္ဂဟနည်း၌ အဘယ့်ကြောင့် အပ္ပမညာစေတသိက်တို့ကို ကြဉ်ရပါသနည်း? ။

၆။ ဝစ္ဆဂုတ္တမတိတံ အနာဂတံ ကာလဝိမုတ္တာ–၌ ကာလမုတ္တ အမည်ရသော တရားများကို

http://www.dhammadownload.com

အကြောင်းနှင့်တကွ ဖော်ပြ၍၊ ကာမဘုံ၌ ဝတ္ထုရုပ်(၆)ပါးလုံး ရနိုင်ရခြင်း၏ အကြောင်း ကိုလည်းဖြေဆိုပါ။

၁၂။ ရန်ကုန်တိုင်း (အဝေးပြ)
ပထမယေါ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (သဗ္ဗဥ္ဉု ပနေတံ ရူပံ–စသော ပါဠိကို ရေးလေ)

၂။ (နဝသတ္ကေကဝိသ–စသော ဂါထာကို အနက်ရေးလေ)

၃။ ပဋ္ဌာန်ရာဝဇ္ဇန်း နှင့် သမ္ပဒိုဋ္ဌန်း ဒွေ။
သာဓက– ပဋ္ဌာန်ရာဝဇ္ဇနသမ္ပဒိုဋ္ဌနသင်္ခေါတာ မနောဓာတု ၀။
သမ္ပယုတ္တဝမ္မ
ဆန္ဒ, ဝိတ, ဝိရိယ–ကြင်သော အညသမာန်းစေတသိက် ၁၀၊

၄။ သဘာဝရုပ်, သလက္ခဏာရုပ်, ရူပရုပ်, သမ္မသနရုပ်။
ဒ္ဝါသတ္တတိ အရ
အာရုံသိခြင်းလက္ခဏာရှိသော စိတ် ၁၊
ဖုသန–စသော လက္ခဏာရှိသော စေတသိက် ၅၂
ကက္ခဋ–စသော လက္ခဏာရှိသော နိပ္ဖန္နရုပ် ၁၈၊
သန္ဓိလက္ခဏာရှိသော နိဗ္ဗာန် ၁၊ ပေါင်း ၇၂။

၅။ (က) ကြိယာမရှိကြောင်း (ကချင် ၆–တွင်ရှု)
(ခ) အပ္ပမညာမယှဉ်ကြောင်း (ကရင် ၆–တွင်ရှု)

၆။ ကာလဝိမုတ္တ– (ကယား ၆–တွင်ရှု)

http://www.dhammadownload.com

ဝတ္ထုရှုပ် ၆-ပါးလုံးရကြောင်း

ပြည့်စုံသော ဂုဏ်ရှေရှိသူများ ထိုကာမဘုံ၌သာ ရထိုက်သောကြောင့် ဝတ္ထုရှုပ် ၆-ပါး လုံးရနိုင်ပါသည်။

၁၃။ ပထမပြန်စာဓမ္မပွဲကျင်းပရေး ဗဟိုအမှုဆောင်ခွဲ (ရန်ကုန်ပြည်နယ်) ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာဘာသာ

၁၃၆၉-ခုနှစ်၊ တဇေါင်းလပြည့်ဆကျော် (၁၄) ရက်၊ (၄- ၄-၂၀၀၈) ဒေသာကြာနေ့

၁။ ဗျာနသမာပတ္တိဝိထိ ဖလသမာပတ္တိဝိထိ၌ ဗျာန်ဇော, ဖိုလ်ဇောများ အကြိမ်များစွာ ဖြစ်နိုင်ပုံကို ပြဆိုသည့် သင်ဟာစကားရပ်ကို ပါဠိသက်သက်ရေးပြပါ။

၂။ အသိဉာဏ်တရားကင်းမဲ့သော အသည်းသတ်ဗြဟ္မာကြီး၏ သန္တာန်၌ စိတ်မဖြစ်နိုင်ပုံကို ပြဆိုသောပါဠိရပ်ကို အနက်မှန်စွာပေးပြပါ။

၃။ မဟာဝိပါက်ဒုတိယဒွေ၌ ယှဉ်နိုင်သောတရားများကို သင်ဟာထောက်ကောက်ပြ၍ အဋ္ဌသဠေ တထာဒွေစ၊ နဝါဠဒွေ၊ ယထာဂ္ဂမံ-၌ ဒွေအရတို့ကိုလည်း သာဓကထောက်ကောက်ပြခဲ့ပါ။

၄။ အာဘယ်ပုဂ္ဂလ်မျိုးကို အာဒိကမ္မိက ပုဂ္ဂလ်ဟုခေါ်ဆိုပါသနည်း ဖြေဆို၍ ရှုပ်နာမ်နှစ်ပါးစုံဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂလ်တို့ကိုလည်း သင်ဟာထောက်လျက် ဖြေဆိုခဲ့ပါ။

၅။ တတ္ထစိတ္တံ (ပ) လောကုတ္တရဇ္ဈာနိ-၌ ဖိုလ်စိတ်၏ လောကုတ္တရာမည်ပုံနှင့်၊ ဗျာန်အင်္ဂါ ငါးပါးတို့တွင် ပီတိသည် အာဘယ်နိဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်သည်ကိုလည်း အကြောင်းသွင်းလျက် ဖြေဆိုခဲ့ပါ။

၆။ ဝိတက်ဆွေကောင်းနှင့်တူသောတရားကို ကောက်ပြ၍ ဝိစိကိစ္ဆာသဟဂတစိတ္တော စ အဓိ

http://www.dhammadownload.com

မောက္ခဝိရဟိတာ-၌ ဝိစိကိစ္ဆာသဟဂုတ်စိတ်ဝယ် အဝိမောက္ခယှဉ်ခွင့်မရှိခြင်းပုံကိုလည်း အကြောင်းသွင်းလျက် ဖြေဆိုခဲ့ပါ။

၁၃။ ရခိုင်ပြည်နယ် (အစပြု)
ပထမယော်ဘန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (သဗ္ဗတ္ထာပိ သမာပတ္တိဝိထိယံ-စသော ပါဠိကို ရေးလေ)

၂။ (အသညသတ္တာနံ ပန သဗ္ဗတ္ထာပိ စိတ္တုပ္ပတ္တိ နတ္ထေဝါတိ-ဟူသောပါဠိကို အနက်ရေးလေ)

၃။ အညသမာန်း စေတသိက် ၁၃၊ ဝိရတိ, အပ္ပမညာ, ဉာဏ်ကြဉ် သောဘနစေတသိက် ၁၉၊ ပေါင်း ၃၂။
အထောက်- တထာ ဝိပါကေသု စ အပ္ပမညာဝိရတိဝဇ္ဇိတာ တေ ဇဝ သင်္ဂယ္ဟန္တိတိ၊ (တထာ ဒုတိယဒ္ဝယေ ဉာဏဝဇ္ဇိတာ)
ဒွေ-အရ
တထာ ဒွေ- သောမနဿသန္ဓိရဏ ၁၊ ဝုဏ္ဏော ၁၊
နဝါ ဒွေ- ဥပေက္ခာသဟဂုတ် သန္ဓိရဏ ၂။

၄။ **အာဒိကမ္မိကပုဂ္ဂိုလ်-** အစစွာသော ကမ္မဋ္ဌာန်းအားထုတ်မှု၌ယှဉ်သော ပုဂ္ဂိုလ်မျိုး။
ရုပ်, နာမ် နှစ်ပါးဖြင့် ပဋိသန္ဓေနေသူ
ကာမပုဂ္ဂိုလ်, အသညသတ်ကြဉ် ရူပပုဂ္ဂိုလ်။
အထောက်- သေသာ ရူပါရူပပဋိသန္ဓိကာ။

၅။ ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သင်္ခါရလောကမှ လွန်မြောက်ပြီးဖြစ်သောကြောင့် ဖိုလ်စိတ်ကို လောကုတ္တရာဟု ခေါ်သည်။
ဆန့်ကျင်ဘက်နိဝရဏ- ဝိတိသည် ဗျာပါဒနိဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်သည်။

http://www.dhammadownload.com

၆။ မိတ်ဆွေကောင်းနှင့် တူသောတရား– အဒေါသ။
အဓိပ္ပာယ်သည် ဆုံးဖြတ်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့် နှစ်လုံးနှစ်ခွ သဘောရှိသော ဝိစိကိစ္ဆာ၌ ယှဉ်နိုင်ခွင့်မရှိပါ။

၁၄။ ပထမပြန်စာဝေးပွဲကျင်းပရေး ဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/ဧရာဝတီပိုင်း) ပထမယ်တန်း ။ ။ ဓမ္ဓာဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၆၉–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄) ရက်၊ (၄– ၄–၂၀၀၈) စနေကြာဒေနာ

၁။ ''အထူးဘဝင်မှာ ကြည်နူးလောက်အောင် တင့်တယ်တော်မူသော မြတ်စွာဘုရား'' ဟု သိကုံးရေးသား ပူဇော်ကြရာ ယင်းစကားရပ်၌ ဘဝင်စိတ်ဖြစ်ပုံပြ သင်ဟာစကားရပ်ကို ပြည့်စုံစွာ ပါဠိရေးသားပြပါ။

၂။ သံသရာမှ မလွတ်မြောက်နိုင်သေးသော သတ္တဝါတို့၏ နာမ်သံသရာနှင့် ရူပ်သံသရာစက် လည်ပုံပြ သင်ဟာ၇ထာတို့ကို မှန်ကန်ပြည့်စုံစွာ အနက်ယောဇနာပြပါ။

၃။ ''ကာမေ တေဝိသ ပါကာနိ''စသော ၇ထာ၌ တေဝိသ–အရကို မှန်ကန်စွာကောက်ပြ၍ အောင်မြင်မှုပန်းတိုင်ကို ရယူပိုင်ဆိုင်လိုကြသော ဇီဝရှင်တို့၏ သန္တာန်၌ဖြစ်သော စေတ သိက်ကိုလည်း ယှဉ်ရာစိတ်နှင့် တကွ ဖြေဆိုပြပါ။

၄။ ဝိထိပိုင်းလာ တစ်ကြိမ်သာစောသော ဇောများကို ပြည့်စုံမှန်ကန်စွာ ဖော်ပြ၍ တစ်ဘဝ၌ တူမြေတရားများကိုလည်း ဖြေဆိုပြပါ။

၅။ ပုထုဇဉ်ပုဂ္ဂိုလ်, သေက္ခပုဂ္ဂိုလ်တို့သည် မည်သည့်စိတ်ဖြင့် ရယ်ရှင်မှုကို ပြုကြပါသနည်း? ရှင်ပိုင်းအလိုကျ ဖော်ပြ၍ ပညာတရားကိုယ်ကောက်ရသော ဣန္ဒြေတရားတို့ကိုလည်း ဖြေဆိုပြပါ။

http://www.dhammadownload.com

၆။ ဆန္ဒနှင့်လောဘတို့၏ ထူးခြားဟန်ကို ဋီကာဆရာအလိုကျ ဖြေဆိုပြု၍ လောကုတ္တရာစိတ်၌ အပ္ပမညာ မယှဉ်ရခြင်း အကြောင်းရင်းကိုလည်း ရှင်းလင်းရေးသားပြပါ။

၁၄။ ရှမ်းပြည်နယ်/တောင်ပိုင်း (အဖြေ)
ပထမဝယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာသာ

၁။ (ဣန္ဒြေဝံ ဈာနံ ဝိစာရပဋိသန္ဓိကာနံ-စသောပါဠိကို ရေးလေ)

၂။ (ပဋိသန္ဓိဘဝင်္ဂဝိထိယော-စသောဂါထာနှင့် ဣန္ဒြေဝံ မတသတ္တာနံ-စသောဂါထာတို့ကို အနက်ရေးလေ)

၃။ အကုသလစိတ်၁၂ အဟိတ်ကုသလစိတ်၈ မဟာဝိပါက်၈ ပေါင်း ၂၇။
စေတသိက်နှင့် ယှဉ်ရာ- ဆန္ဒစေတသိက်။
မောဟမူကြောင့် အကုသိုလ် ၁၀၊ သောဘနအကျင့်း ၅၉၊ အကျယ် ၉၁၊ ပေါင်း အကျင့်း ၆၉၊ အကျယ် ၁၀၁။

၄။ **တစ်ကြိမ်သာ ဖောသော ဇော** (မကွေး ၄-တွင်ရှု)
တူမြီတရား- ပဋိသန္ဓေ, ဘဝင်, စုတိ။

၅။ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် လောဘမူသောမနုသ ၄ မဟာကုသိုလ်သောမနုသ ၄ ပေါင်း ၈-ပါးဖြင့် ရယ်ကြသည်။
သေက္ခပုဂ္ဂိုလ်တို့သည် လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်သောမနုသ ၂ မဟာကုသိုလ်သောမနုသ ၄ ပေါင်း ၆-ပါးဖြင့် ရယ်ကြသည်။
ဆောင် - ဗုဒ္ဓဇဉ် ဌာန်၊ ဇြောတိခု သေတ်၊ ငါးဆစ် ရုတန္တာ။ (အသိဓမ္မာလင်္ကာဆောင်)
ပညာဣန္ဒြေများ
ပညာ၊ အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ။

http://www.dhammadownload.com

၆။ ဆန္ဒ, လောဘ အထူး (ပဲခူးအနောက် ၆-တွင်ရှိ)
အပ္ပမညာမယှဉ်ကြောင်း (ကရင် ၆-တွင်ရှိ)

၁၅။ ပထမပြန်စာဓမ္မမဲ့ကျင်းပရေး ဗဟို့အမဲ့ခွဲ (ရှမ်းပြည်နယ်/မြောက်ပိုင်း)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာသာ
၁၃၆၉-ခုနှစ်၊ တဓေါင်းလပြည့်ကျော် (၁၄) ရက်၊ (၄-၄-၂၀၀၈) စသောကြာစနေ

၁။ ဒုဂ္ဂတိဘဝ၌ ရောက်နေသော ဘုရားအလောင်းတော်မျောက်မင်းဏ် သန္တာန်၌ရှိနိုင်သော ဝိထိစိတ်များကို ပြဆိုသည့် သင်ဟပါဠိတို့ကို ပါဠိသက်သက်ရေးခဲ့ပါ။

၂။ လူ, နတ်, ဗြဟ္မာ သတ္တဝါအားလုံးတို့ ပြုသင့်ပြုထိုက်သည့် ကုသိုလ်တရား(၁၀)ပါးပြ စုဏ္ဏိယပါဠိကို အနက်ပေးခဲ့ပါ။

၃။ သဒ္ဓါတရားဖြင့် ဘုရားရှိခိုးသောသူ၏ သန္တာန်၌ ဖြစ်ပေါ်သောစိတ်ကို ယှဉ်ဖက်စေတသိက်များနှင့်အတူ ကောက်ယူ၍ ၎င်းစိတ်ကို ဝေဒနာ, ဟေတု, ကိစ္စတို့ဖြင့် ဝေဖန်ပြပါ။

၄။ ရူပဗြဟ္မာကြီး ပန်းသီးစားက ပန်းသီး၏ အရသာကို သိ/မသိ သင်ဟပါဠိပြုဖြေဆိုရ၍ ပကိဏ္ဏပိုင်းလာ တေစတ္တာလီသ, ဒွေစတ္တာလီသတို့၏ အရတို့ကိုလည်း မှန်ကန်စွာ ရေတွက်ပြပါ။

၅။ ဖောက်ပြန်ပြောင်းလဲတတ်သောကြောင့် ရုပ်ဟုဆိုရာ ၎င်းရုပ်တရားကို မည်သည့် အကြောင်းတရားတို့က ဖောက်ပြန်ပြောင်းလဲဘောင် ပြုလုပ်ဖန်တီးနေပါသနည်း - ဋီကာ လာအတိုင်း ဖြေဆိုပြီးလျှင်၊ ပိတိနှင့် သုခတို့၏ သဘောသွားခြားနားတန်ကိုလည်း ဋီကာဆရာအလိုကျ ရေးသားပါ။

၆။ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ တို့၌ ကာယအရ, စိတ္တအရ တို့ကို ခွဲခြားဖြေဆိုပြီးလျှင်၊

http://www.dhammadownload.com

ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ အဓိမောက္ခမယှဉ်နိုင်ခြင်းအကြောင်းကိုလည်း ဋီကာဆရာ အလိုကျ ရှင်းလင်း ဖြေဆိုပါ။

၁၅။ ရှမ်းပြည်နယ်/မြောက်ပိုင်း (အဖြေ)
ပထမယေဘန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (ဒုဟေတုကာနမဟေတုကာနဥ္စ- စသောသုံးပိုဒ်ကို ပါဠိရေးလေ)

၂။ (အိနသိလဘာဝနာပစာယန-စသော ပုညကိရိယဝတ္ထုပါဠိကို အနက်ရေးလေ)

၃။ **ဖြစ်ပေါ်သောစိတ်-** မဟာကုသိုလ်စိတ် ၈။
မှတ်ချက်- သဒ္ဓါသည် မဟာကုသိုလ် ရှစ်ပါးလုံးနှင့်ယှဉ်သည်။
ယှဉ်ဘက်စေတသိက်- အညသမာန်း ၁၃၊ သောဘနစေတသိက် ၂၅၊ ပေါင်း ၃၈။
မှတ်ချက်- မဟာကုသိုလ်သာမန်ကို ရည်ရွယ်၍ ၃၈-ပါးဆိုသည်၊ ဘုရားရှိခိုးသူစိတ်ကို ရည်ရွယ်လျှင် ဝိရတိ, အပ္ပမညာကြဉ် သောဘနစေတသိက် ၂၀၊ ပေါင်း ၃၃။
ဝေဒနာ, တိတ်, ကိစ္စ
သောမနဿ, ဥပေက္ခာဝေဒနာ။
ဉာဏဝိပ္ပယုတ်သည် ဒွိဟိတ်၊ ဉာဏသမ္ပယုတ်သည် တိဟိတ်။
ဇောကိစ္စ။

၄။ ပန်းသီး၏အရသာ မသိပါ။
သင်္ဂတ- ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ။
တေစတ္တာလီသ
ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃၊ ဒေါသမူ ၂၊ တဒါရုံ ၁၁၊ ဟသိတုပ္ပါဒ်၊ ရူပစိတ် ၁၅၊ သောတာပတ္တိမဂ်၊ ပေါင်း ၄၃။

http://www.dhammadownload.com

ဒွေစတ္တာလီသ

လောဘမူ ၈၊ မောဟမူ ၂၊ မနောဒ္ဓါရုဝဇ္ဇန်း၊ မဟာကု ၈၊ မဟာကြီ ၈၊ ဝိပါက်ကြဉ် အရူပစိတ် ၈၊ သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ် ၈၊ ပေါင်း ၄၂။

၅။ သီတ, ဥဏှ–စသော ဆန့်ကျင်ဘက်အကြောင်းများ။

ဝိတိ, သုခ အထူး

ခရီးပန်းလာသူအား တောတွင်း၌ ရေတွေ့ရာ၌ နှစ်သက်ခြင်းကဲ့သို့ အာရုံကို ရခြင်း၌ ရှေးဦးစွာ နှစ်သက်တတ်သောတရားသည် ဝိတိ။

ငင်းရေကို သုံးဆောင်ရာ၌ ချမ်းသာခြင်းကဲ့သို့ ရအပ်ပြီးသောအာရုံကို ချမ်းသာစွာ ခံစားခြင်းသည် သုခ။

၆။ ကာယ– ဝေဒနာစသော ခန္ဓာသုံးပါးအပေါင်း။

စိတ္တ– သောဘနစိတ်။

အဓိမောက္ခမယှဉ်ကြောင်း (ရခိုင် ၆–တွင်ရှု)

၁၆။ ပထမပြန်စာမေးပွဲကျင်းပရေး ဗဟိုအမှုခွဲ (ရှမ်းပြည်နယ်/အရှေ့ပိုင်း)

ပထမငယ်တန်း ॥ ॥ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၆၉–ခုနှစ်၊ တပေါင်းလဆုပ် (၁၄) ရက်၊ (၄–၄–၂၀၀၈) သောကြာနေ့

၁။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ နောက်ဆုံးရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် 'နိဗ္ဗာန်' ဟူသော စကားရပ်နှင့်ပတ်သက်၍ အရှင်အနုရုဒ္ဓါဆရာ စိုက်ုံးရေးသားခဲ့သည့် သင်ဟ စုဏ္ဏိယစကားရပ်တို့ကို ပါဠိသက်သက် ရေးသားပြပါ။

၂။ တစ်ဘဝ၌ တူမြဲတရား(၃)ပါးကို ပြဆိုသော သင်ဟဂါထာကို မှန်ကန်စွာ အနက်ပေးခဲ့ပါ။

၃။ ဆင်းရဲနွံမ်းပါး ဒုက္ခိတသတ္တဝါကိုသာ အာရုံပြုသနားတတ်သော သူတော်စင်၏သန္တာန်၌ ဖြစ်သော စေတသိက်၏ (က)အမည်၊ (ခ) သဘောလက္ခဏာတို့ကို ဖော်ပြပါ။

http://www.dhammadownload.com

၇။ စာပြေသူ ပဋိသန္ဓေတည်နေခိုက် ဥပါဒ်ခဏာမှာ ရနိုင်ကောင်းသော ရုပ်များကို ရေတွက်ပြပြီးလျှင်၊ ဗဟျင် ဝင်ရောက်ပြေဆိုနေသော စာမေးပွဲအတန်းတိုင်း၌ 'ဗိုလ်စွဲ' လိုလျှင် မည်သည့်တရားများနှင့် ပြည့်စုံအောင် အားထုတ်ရပါမည်နည်း ပြေဆိုခဲ့ပါ။

၈။ 'သုခ'၏ အဓိပ္ပါယ်ကို ဦးကာကျမ်းလာအတိုင်း ပြေဆိုပြီး၊ မောစတုက်လေးပါးကို အဘယ့်ကြောင့် အလုံးစုံသော အကုသိုလ်စိတ်တို့၌ ရအပ်ပါသနည်း ဦးကာနှင့်အညီ ပြေဆိုခဲ့ပါ။

၉။ သောမနဿသန္ဓိရဏစိတ်၏ ပဋိသန္ဓေကိစ္စမတည်ရခြင်းအကြောင်းကို ပြေဆို၍ မဂ်စိတ်သည် တစ်ကြိမ်တည်းသာ ဖြစ်ပါလျက် ဇောကိစ္စတပ်ရခြင်းအကြောင်းကိုလည်း ဦးကာနှင့်အညီ ပြေဆိုခဲ့ပါ။

၁၆။ ရှမ်းပြည်နယ်/ အဇရှ,ပိုင်း (အစပြ)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (နိဗ္ဗာနံ ပန-စသော သုံးပိုဒ်ကို ပါဠိရေးလေ)

၂။ (ပဋိသန္ဓိဘဝင်္ဂ-စသောဂါထာကို အနက်ရေးလေ)

၃။ (က) ကရုဏာ၊
(ခ) အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်းသဘောလက္ခဏာ။

၄။ အဝိနိဗ္ဘောဂရုပ် ၈၊ ဇီဝိတ၊ ကာယ၊ ဘာဝရုပ် ၁-ပါးပါး၊ ဟဒယဝတ္ထု။
ဗိုလ်စွဲရန် တရားများ
သဒ္ဓါ, ဝိရိယ, သတိ, သမာဓိ, ပညာ, ဟိရိ, သြတ္တပ္ပ၊ ပေါင်း ၇။

၅။ သုခ-အဓိပ္ပါယ် (ချင်း ၆-တွင်ရှု)

http://www.dhammadownload.com

